# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၄၆)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ၃-၅-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အပါအဝင် ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေး

## ရန်ကုန်မြို့အတွင်း ယာဉ်သွားလာမှုများ ပိုမိုလွယ်ကူလျင်မြန်စွာဖြင့် သွားလာနိုင်ရေး လမ်းများတိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်

နေပြည်တော် မေ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးထိန်လင်းနှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ်အပါအဝင် ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ✧





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။


## ယနေ့ ဖတ်စရာ အညွှန်း

တံတားဦးမြို့နယ်၊ တောင်ဘီလူကျေးရွာအထက်တန်းကျောင်းတွင် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပ

စာမျက်နှာ ၅

နည်းပြ မောရစ်ဆင်ကို အမြဲတမ်းနည်းပြအဖြစ် ဝက်စ်ဘရွန်းအသင်း ခန့်အပ်

စာမျက်နှာ ၁၁

အပူချိန်မြင့်မားနေစဉ် သတိပြုဆင်ခြင်နိုင်စေဖို့ (ဆောင်းပါး)

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၆ ခုနှစ် ၊ မေ ၃ ရက် ၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

## လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတွဲဆိုင်းများ စတင်ပြေးဆွဲလျက်ရှိ

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား မေ ၁ ရက်မှ စတင်၍ ပြေးဆွဲပေးလျက်ရှိသည်။ အမှတ်(၆)အစုန်ရထား မန္တလေးမှ ရန်ကုန်သို့ ခရီးစဉ်စတင်ခြင်းဖွင့်ပွဲ အခမ်းအနားကို မြန်မာ့မီးရထား မန္တလေးဘူတာကြီး အမှတ်(၁) စင်္ကြံတွင် မေ ၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ပြောင်းလဲတိုးတက်လာသည့် ခေတ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်လာစေရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဘက်စုံထောင့်စုံမှ အလေးထားကြိုးပမ်း အကောင်အထည်ဖော်ဖြည့်ဆည်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုး၏ ကြိုးပမ်းဆောင်ရွက်နေမှုများအနက် ရက်ပေါင်း(၁၀၀) လုပ်ငန်းစီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သော နေပြည်တော်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းကို နိုင်ငံတော်၏ဘဏ္ဍာငွေကျခံသုံးစွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်ကို လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတွဲဆိုင်းများအသုံးပြု၍ စတင်ပြေးဆွဲနိုင်ခြင်းသည် ခရီးသွားပြည်သူများအပေါ် ထပ်လောင်းဝန်ဆောင်မှုတိုးမြှင့်ပေးနိုင်ခြင်းဖြစ်ပါကြောင်း၊ ခရီးသွားပြည်သူများ သက်သောင့်သက်သာဖြင့် အချိန်တိုအတွင်း သွားလာနိုင်အောင် ဝန်ဆောင်မှုမြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းသာမက ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို များစွာအထောက်အကူပြုပါကြောင်း၊ ပို့ဆောင်ရေးလုပ်ငန်း ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အားလုံးဝိုင်းဝန်းကာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ၊ စီမံ)က ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်မီလူစီးတွဲများ ဖြည့်တင်း၊ ထုတ်လုပ်ခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရထားတွဲဆိုင်းများ ပြေးဆွဲပေးနိုင်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ပြောကြားပြီးနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅) အဆန်၊ အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားခရီးစဉ်တွင် အမှတ်(၆)အစုန်ရထားသည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့ နေ့စဉ် နံနက် ၆ နာရီတွင် ထွက်ခွာ၍ ရန်ကုန် ဘူတာသို့ ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ အမှတ်(၅) အဆန်ရထားသည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့ နေ့စဉ် နံနက် ၆ နာရီတွင် ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၄ နာရီတွင်လည်းကောင်း ဆိုက်ရောက်မည်ဖြစ်သည်။

လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားတွဲဆိုင်းတွင် ပထမတန်း (၄)တွဲနှင့် အထက်တန်း(၂)တွဲ စုစုပေါင်း(၆)တွဲဖြင့် ခရီးသည်(၃၁၂)ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကြောင်း၊ သွားလိုသည့် ခရီးစဉ်အတွက် ထိုင်ခုံလက်မှတ်များကို Online Railways Ticketing and Payment (ORTP) System ဖြင့် (၇)ရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားများမှာ အထက်တန်း ငွေကျပ်(၄၈၀၀၀)နှင့် ပထမတန်း ငွေကျပ်(၃၄၀၀၀)တို့ဖြစ်ကြောင်း၊ ခရီးစဉ်တစ်လျှောက်တွင် ကျောက်ဆည်၊ သာစည်၊ ရမည်းသင်း၊ နေပြည်တော်၊ ပျဉ်းမနား၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး တိုးကြောင်ကလေးဘူတာတို့တွင် ရပ်တန့်မည်ဖြစ်ပြီး ဘူတာများတွင် ရပ်တန့်ချိန်အပါအဝင် ခရီးစဉ်အစအဆုံး ပြေးဆွဲချိန် (၁၀)နာရီ (၁၀)မိနစ်သာ ကြာမြင့်မည်ဖြစ်ကြောင်း၊ ရထားစီးနင်းမှု များပြားလာသည်နှင့်အမျှ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**မန္တလေး မေ ၂**

၂၀၂၆ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးအသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ အမျိုးသားပြိုင်ပွဲများတွင် အောင်မြေသာစံခရိုင်အသင်းနှင့် တံတားဦးခရိုင်အသင်း၊ ကျောက်ဆည်ခရိုင်အသင်းနှင့် သပိတ်ကျင်းခရိုင်အသင်း၊ ပြင်ဦးလွင်ခရိုင်အသင်းနှင့်အမရပူရခရိုင်အသင်း၊ မိတ္ထီလာခရိုင်အသင်းနှင့် ရမည်းသင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်အနိုင်ရရှိကြပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြောင်း သိရသည်။ **(ဝ၄၀)**

## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်)**

## ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် ကျေးရွာအုပ်စု(၁၀)အုပ်စုတွင် စီမံကိန်းသီးနှံ ၁၆၈၉ ဧက စိုက်ပျိုး

**ကျောက်ဆည် မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစီမံကိန်းသီးနှံများ လျာထားချက်ပြည့်မီကျော်လွန်ရေး စိုက်ပျိုးလျက်ရှိရာ ဇော်ဂျီဆည်ရေသောက်စနစ် နွားတက်၊ တမုတ်မြောင်းရေဖြင့် ကျေးရွာအုပ်စု (၁၀)အုပ်စုတွင် နွေစပါး၊ နွေနှမ်း၊ မိုးကြိုပဲတီစိမ်း၊ စီမံကိန်းသီးနှံ ၁၆၈၉ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းသီးနှံများ စိုက်ပျိုးရာတွင် တမုတ်မြောင်းရေဖြင့် လက်ပန်ပင်ကျေးရွာအုပ်စု၌ ၅၂ ဧက၊ မယ်ဇယ်ပင်ကျေးရွာအုပ်စု၌ ၄၈ ဧက၊ တံစိုးကျေးရွာအုပ်စု၌ ၁၅၇ ဧက၊ သူငယ်တော်ကျေးရွာအုပ်စု၌ ၄၅ ဧက၊ ပွတ္တိုင်ကျေးရွာအုပ်စု၌ ၃၅၄ ဧက၊ မြောင်းဦးကျေးရွာအုပ်စု၌ ဧက ၂၁၀၊ အနောက်သာဂရကျေးရွာအုပ်စု၌ ၁၆၇ ဧက၊ ရွာပုလဲကျေးရွာအုပ်စု၌ ၁၀၆ ဧက၊ ကတဲကျေးရွာအုပ်စု၌ ၄၁၈ ဧက၊ ပန်နကျေးရွာအုပ်စု၌ ၁၃၂ ဧက စုစုပေါင်း ၁၆၈၉ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

စီမံကိန်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ လုံလောက်စွာ ပေးဝေလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းစနစ်များကို ကူညီပေးလျက်ရှိကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

## မိုင်းယောင်းမြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်




**မိုင်းယောင်း မေ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ရက်(၁၀၀)စီမံချက်ဖြင့် ချောင်း၊မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် ဝမ်တောင်းကျေးရွာ၌ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုအား ယနေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဓဝံ) စိုင်းအောင်ဇော်လင်း**

## ဥတ္တရသီရိမြို့နယ်၊ ကျွဲရှင်းကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဥတ္တရသီရိ မေ ၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် ကျွဲရှင်းကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ ကျွဲရှင်းကျေးရွာ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားခဲ့သည်။ **(ယာပုံ)**

အဆိုပါ ကျွဲရှင်းကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်း၂ လက်မ PVC ပိုက်အရှည်ပေ ၃၀၁၀၊ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ဝ၆၀၀ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှတာဝန်ယူ၍ မေလ ပထမမှ စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျွဲရှင်းကျေးရွာရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

✧ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ဘုရင့်နောင်ပန်းခြံသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်ခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတော်အကြီးအကဲ လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အနော်ရထာစက်မှုဇုန်အတွင်း ရောဝတီလမ်းတစ်လျှောက် ဆက်သွယ်ရေးကြိုးများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှု၊ ရန်ကုန်-ပုသိမ် လမ်းမကြီး ဝဲ/ယာတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေး ကွင်းဆင်းစစ်ဆေးတိုင်းတာမှုများ ပြုလုပ်ပြီး ဇလားပုံရေမြောင်းများ ဖောက်လုပ်လျက်ရှိမှု အခြေအနေများ၊ လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားလမ်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုနှင့် လှိုင်မြစ်ထွက်ပေါက်ရေတံခါးများ ဆောက်လုပ်ထားရှိမှု၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညောင်တုန်းလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ လမ်းမကြီးများတိုးချဲ့ရာတွင် ရွှေ့ပြောင်းရန် လိုအပ်သည့် လျှပ်စစ်မီးတိုင်များနှင့် ဆက်သွယ်ရေးတိုင်များကို ရွှေ့ပြောင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းဘေးဝဲ/ယာများတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက် လမ်းများတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ RC Box Culvert များ တည်ဆောက်ထားရှိမှု၊ တံတားများ တိုးချဲ့တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အန္တရာယ်ကင်းရှင်းမှုရှိစေရေး ဆက်လက်ဆောင်ရွက်**

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ရန်ကုန်မြို့အတွင်း လျှပ်စစ်ကြိုးများနှင့် ဆက်သွယ်ရေးကြိုးများ စနစ်တကျဖြစ်စေရေးနှင့် အန္တရာယ်ကင်းရှင်းမှုရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်းမကြီးများ တစ်လျှောက် ရေစီးရေလာ ကောင်းမွန်ရေးအတွက် စနစ်တကျတွက်ချက်ပြီး ဆောင်ရွက်သွားရန် လိုသကဲ့သို့ ရပ်ကွက်များ အတွင်း၌လည်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေမြောင်းများ ဖောက်လုပ်ရာတွင်လည်း ရေစီးဆင်းမှုများ အဆင်ပြေစေရန်အတွက် စနစ်တကျဆောက်လုပ်ရန်လိုကြောင်း၊ ရေစီးရေလာများကောင်းမွန်မှသာ အနံ့အသက်ဆိုးများ ထွက်ရှိမှု လျော့နည်းသွားမည် ဖြစ်ပြီး ကျန်းမာရေးနှင့် ကိုက်ညီကာ သန့်ရှင်းသာယာသည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်သဖြင့် မိုးရာသီသို့ မရောက်ရှိမီ အချိန်မီ ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် ရေဆိုးထုတ်စနစ်များ ကောင်းမွန်အောင် စနစ်တကျ တွက်ချက် ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှု မရှိစေရေးအတွက် အမှိုက်စွန့်ပစ်သည့် စနစ်များကို စနစ်တကျဖြင့် အဆက်မပြတ် ဆောင်ရွက်သွားရန် လိုကြောင်း၊ ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့ပြဖွံ့ဖြိုးသာယာလှပရေးအတွက်ပါ စနစ်တကျ တွက်ချက်ဆောက်လုပ်သွားရန်လိုကြောင်း၊ လမ်းများ တိုးချဲ့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လူသွားလမ်း ပလက်ဖောင်းများ စနစ်တကျ ထည့်သွင်းတည်ဆောက်သွားရန်နှင့် ရေနုတ်မြောင်းများကိုလည်း စနစ်တကျ ထည့်သွင်းဖောက်လုပ်သွားရန် လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ယာဉ်သွားလာမှုများ ပိုမိုလွယ်ကူလျင်မြန်စွာဖြင့် သွားလာနိုင်ရေး လမ်းများတိုးချဲ့အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်သွားရန်နှင့် ယာဉ်များ စနစ်တကျ သွားလာနိုင်ရေး လမ်းညွှန်အမှတ်အသားများအား သတ်မှတ်ချက်များနှင့် အညီ ထည့်သွင်းတည်ဆောက်သွားရန် လိုကြောင်း။

**လိုအပ်သည်များမှာကြား**

လှိုင်သာယာမြို့နယ် သန့်ရှင်းသာယာလှပရေး၊ရေစီးရေလာများ ကောင်းမွန်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ အတိုင်းအတာတစ်ခုအထိ တိုးတက်ကောင်းမွန်လာပြီ ဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ်၏ မြို့ပြစနစ်အား စနစ်တကျ ဖြစ်စေရေး Town Plan ကို စနစ်တကျ တွက်ချက်ရေးဆွဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ပြများ အသစ်တည်ဆောက်ရာ၌ Town Plan ရေးဆွဲရာတွင် လယ်ယာမြေများ ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ရေစီးရေလာကောင်းမွန်စေရေး သက်ဆိုင်ရာအင်ဂျင်နီယာဌာနများမှ တာဝန်ရှိသူများအနေဖြင့် ကွင်းဆင်းသုတေသနပြု၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သတ်မှတ်ထားသည့် စည်းကမ်းများအား လိုက်နာမှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ ရန်ကုန်မြို့အတွင်း သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ပြလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ တွက်ချက်ဆောင်ရွက်သွားကြရန်လိုပြီး အများပြည်သူများ အပန်းဖြေသည့်ပန်းခြံများ၊ ဥယျာဉ်များနှင့် အားကစားကွင်းများ တည်ဆောက်ရာတွင် မြို့ပြတွင် နေထိုင်သည့်လူဦးရေအပေါ်တွင် မူတည်တွက်ချက်၍ တည်ဆောက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ပုသိမ် လမ်းမကြီးဘေးရှိ ရေနုတ်မြောင်းနှင့် ပလက်ဖောင်းအကြား၌ အရိပ်ရပင်များ စိုက်ပျိုးသွားရန်၊ ရေစီးရေလာကောင်းမွန်စေရေး စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်း၊ ညောင်တုန်းလမ်း၊ တပင်ရွှေထီးလမ်း၊ ကနောင်မင်းသားကြီးလမ်း၊ ခရေပင်လမ်းတစ်လျှောက် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးဆောင်ရွက်ထားရှိမှု၊ ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းတစ်လျှောက် ရေနုတ်မြောင်းများ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ လမ်းနှင့်မလွတ်ကင်းသည့် ဓာတ်အားတိုင်များအား ရွှေ့ပြောင်းဆောင်ရွက်ထားရှိမှုနှင့် လမ်းများအဆင့်မြှင့်တင် တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မင်္ဂလာဒုံမြို့နယ် လော်ကားလမ်း၊ ပြည်လမ်း၊ နှယ်ခွေလမ်းမှတစ်ဆင့် အမှတ်(၃) လမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းတစ်လျှောက် လမ်းနယ်အတွင်း ကျူးကျော်ရောက်ရှိနေသည့် အခိုင်အမာ အဖီအဆွယ် ဈေးဆိုင်ခန်းများအား စနစ်တကျဖြစ်စေရေးနှင့် လမ်းနယ်နိမိတ်ပြင်ပသို့ ပြန်လည်ရွှေ့ပြောင်းပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မော်တော်ကားလမ်းများ လမ်းနယ်နိမိတ် စနစ်တကျဖြစ်စေရေး၊ လမ်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ရန်ကုန်မြို့အတွင်း ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် ရေဆိုးထုတ်စနစ်များကောင်းမွန်အောင် စနစ်တကျတွက်ချက် ဆောင်ရွက်သွားရန်လို

❖ ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် အမှိုက်စွန့်ပစ်သည့် စနစ်များကို စနစ်တကျဖြင့် အဆက်မပြတ်ဆောင်ရွက်သွားရန်လို

❖ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့ပြဖွံ့ဖြိုးသာယာလှပရေးအတွက်ပါ စနစ်တကျ တွက်ချက်ဆောက်လုပ်သွားရန်လို

❖ လမ်းများတိုးချဲ့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူသွားလမ်းပလက်ဖောင်းများ စနစ်တကျ ထည့်သွင်းတည်ဆောက်သွားရန်နှင့် ရေနုတ်မြောင်းများကိုလည်း စနစ်တကျ ထည့်သွင်းဖောက်လုပ်သွားရန်လို

## တံတားဦးမြို့နယ်၊ တောင်ဘီလူကျေးရွာအထက်တန်းကျောင်းတွင် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး မေ ၂**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်ရှိ တောင်ဘီလူကျေးရွာ အထက်တန်းကျောင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြို ကျပျက်စီးခဲ့သည့် ဗလမင်းထင်စာသင်ဆောင်နှင့် နေမျိုးစည်သူ ကျောင်းခန်းဆောင်တို့အား ရိုးမကုမ္ပဏီများအုပ်စုမှ အသစ်ပြန်လည် ဆောက်လှူဒါန်းခဲ့ပြီး ဆောက်လုပ်လှူဒါန်းမှုအထိမ်းအမှတ် ကမ္ပည်း မော်ကွန်းကျောက်စာ ဖွင့်လှစ်ခြင်းနှင့် စာသင်ဆောင်နှင့် ကျောင်း ခန်းမဆောင် အသစ်တို့အား လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်း ဒေသကြီး ပညာရေးမှူးရုံးနှင့် ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ ရိုးမကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး စာသင်ဆောင်၊ ကျောင်း ခန်းမဆောင်အသစ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာတို့အား ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည် များ ပက်ဖျန်းပေးကြသည်။

၎င်းနောက် အခမ်းအနားကို နေမျိုးစည်သူဆောင် ကျောင်း ခန်းမတွင် ဆက်လက်ကျင်းပခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးငလျင်ကြီးဖြစ်ပွားပြီး နောက်ပိုင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ဖက် တစ်လမ်းမှ ပံ့ပိုးကူညီလှူဒါန်းခဲ့မှုများအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရိုးမကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူက ငလျင် ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့်နေရာတွင် ပေ ၉၀ X ပေ ၃၀ အကျယ်ရှိ အုတ်ညှပ်(၁)ထပ်စာသင်ဆောင်(၁)ဆောင်နှင့် ၉၆ ပေ X ပေ ၃၀ အကျယ်ရှိ အုတ်ညှပ်(၁)ထပ် ကျောင်းခန်းမဆောင်(၁) ဆောင်တို့ကို အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းရသည့် ရည် ရွယ်ချက်များကိုလည်းကောင်း၊ တံတားဦးမြို့နယ် ပညာရေးမှူးက ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားပြီးနောက် ရိုးမ ကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူက အဆောက်အအုံများနှင့် ပတ်သက် သည့် စာရွက်စာတမ်းများကို တံတားဦးမြို့နယ်ပညာရေးမှူးထံ လွှဲ ပြောင်းပေးအပ်ခဲ့ပြီး တံတားမြို့နယ်ပညာရေးမှူးက ဂုဏ်ပြုမှတ် တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး မေ ၂**

၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်း အနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး(ဗဟိုမီးသတ်) စခန်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ် တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး နှင့် ရောဂါဗေဒဌာနပါမောက္ခ ဒေါက်တာနီလာဝင်းနှင့်အဖွဲ့၊ သွေးလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေသည့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှု အားပေးပြီး မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အမှတ်တရပစ္စည်းများ၊ အာဟာရဖြည့်စွက်စာများ ပေး အပ်ခဲ့ကြောင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက မန္တလေး ပြည်သူ့ဆေးရုံအုပ်ကြီးထံ သွေးအိတ်များ ပေးအပ်ခဲ့ကြောင်းနှင့် ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်း လွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**








# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ စပေါင်းကြဲပက်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး မေ ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းက တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာတွင် စိုက်ပျိုးတောင်သူများအား မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့များ စပေါင်းကြဲပက်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ စိုက်ပျိုးတောင်သူများအား တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ကြဲပက်ရခြင်း၏ ရည်ရွယ်ချက်များ၊ သစ်စိမ်းမြေဩဇာကျွေးခြင်းဖြင့် မြေဆီလွှာ၏ ဂုဏ်သတ္တိများကို ပြုပြင်ပြောင်းလဲခြင်း၊ မြေတွင်းသစ်ဆွေးဓာတ်များစွာ တိုးတက်စေခြင်း၊ အကျိုးပြုအဏုဇီဝများ တိုးပွားစေခြင်းနှင့် မြေဆီလွှာ၏ ချဉ်ငန်ကိန်းကိုလည်း ထိန်းထားပေးခြင်းစသည့် ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက် တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ၂၀၂၆ ခုနှစ် တံတားဦးမြို့နယ်၏ လအလိုက် မိုးရွာသွန်းမှု၊ မိုးသီးနှံစိုက်ပျိုးထုတ်လုပ်ထွက်ရှိမှု၊ မိုးအဓိက သီးနှံ(၁၀)မျိုး၏ စိုက်ပျိုးထွက်ရှိမှု၊ မိုးသီးနှံများ၏ ပန်းတိုင်စိုက်ပျိုးထွက်ရှိမှုတို့၏ အခြေအနေများနှင့် လျာထားချက်များ၊ ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ အောင်မြင်အောင် အလေးထားကာ အကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့များကို တောင်သူများထံ ပေးအပ်ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူ ဦးဘိုစိုး၏ စိုက်ခင်းတွင် တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့များကို စပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**









## ပြင်ဦးလွင်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်

**ပြင်ဦးလွင် မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် မြေငှားဂရန်ထုတ်ပေးနိုင်ရေးမြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ပိန္နဲကုန်းကျေးရွာအုပ်စု၊ အင်းကြီးကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြင်ဦးလွင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်က ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ ဦးမျိုးမြင့်နှင့် ဦးပိုအေးတို့က မိတ်ဆက်စကားပြောကြားပြီး ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်၍ ထပ်မံဖြည့်စွက်ပြောကြားပြီးနောက် တက်ရောက်လာသော ဒေသခံပြည်သူများက သိလိုသည်များမေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။ ထို့နောက် ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကျောက်ဆည် မေ ၂**

ကျောက်ဆည်မြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဆည်မြို့နယ် ဦးစီးမှူးရုံးမှ ရပ်ကွက်၊ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက သပြေဝန်းကျေးရွာတွင် ဆောင်ရွက်ပေးခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဆည်မြို့နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသည့် ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၈၅)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## အီရန်ရုပ်ရှင် Was Just An Accident အော်စကာဆန်ခါတင်ဝင်ခဲ့

အီရန်ဒါရိုက်တာ ဂျာဖား ပန်နာဟီး၏လက်ရာ Was Just An Accident မှာ အော်စကာဆန်ခါတင်ဝင်ခဲ့သော ရုပ်ရှင်



ဇာတ်ကားဖြစ်ပြီး ဆုများစွာ ဆွတ်ခူးရရှိထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အီရန်အကျဉ်းခန်းထဲမှ ခြေတုနှင့် ညှဉ်းပန်းခဲ့သူက ဇနီးနှင့် သမီးတို့နှင့်အတူ ခရီးထွက်လာရာ ဇနီး၏ ကိုယ်ဝန်ရေမွှာပေါက်ပြီး လမ်းခရီးတွင် ကားပျက်ရာမှ ညှဉ်းပန်းနှိပ်စက်ခံရသူများ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။

လူသားစိတ်ဓာတ်အပြည့်အဝရှိ၍ ကလေ့စားချေကြရန် အခက်တွေ့နေစဉ် ဇနီးသည်ကို ဆေးရုံပို့ကူညီပေးခဲ့ကြကာ အဝတ်အုပ်ကြိုးတုပ်၍ ဘာလုပ်ရမှန်းမသိဖြစ်နေကြသည်။

နာမည်ကြီး အီရန်ဒါရိုက်တာကြီး၏ လက်စွမ်းပြချက်ဖြင့် ပရိသတ်ကို 'သင်ရော မည်သို့ ပြုလုပ်မည်နည်း'ဟူ၍ မေးခွန်းထုတ်သွားသော ရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ်ကို ရသပြည့်ခံစားခဲ့ကြရသည်။ (SKY)

## Suga @ Min Yoon Gi တွင် အိပ်မက်နှစ်ခု ရှိခဲ့



ဘီတီအက်စ်အဖွဲ့ဝင် Suga @ Min Yoon Gi က အင်တာဗျူးတစ်ခုတွင် သူ့တွင် အိပ်မက်နှစ်ခုရှိကြောင်း ထုတ်ဖော်ပြောကြားသွားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Suga @ Min Yoon Gi သည် မိသားစုချို့တဲ့သည့် အချိန်က အနုပညာလမ်းပေါ် လျှောက်ခဲ့သူဖြစ်ပြီး ခက်ခဲပင်ပန်းမှုမျိုးစုံကို ကျော်ဖြတ်ခဲ့ကာ ဘီတီအက်စ်အဖွဲ့နှင့်သာမက တစ်ကိုယ်တော်ရက်ပ်ပါဘဝနှင့်ပါ အောင်မြင်မှုများစွာ ပိုင်ဆိုင်ထားခဲ့သည်။

Suga က သူ၏ အိပ်မက်တစ်ခုမှာ စင်မြင့်ပေါ်တွင် ရပ်၍ ဂစ်တာတီး သီချင်းဆိုနေသည့် ဆံပင်ဖြူနှင့် လူအိုတစ်ယောက်ဖြစ်လိုပြီး နောက်အိပ်မက်မှာ လိုင်စင်ရ စိတ်ပိုင်းဆိုင်ရာကို ကုသသည့် ကုထုံးပညာရှင်ဖြစ်ချင်သည်ဟု ဆိုသည်။

လက်ရှိ အဖွဲ့ဝင် ခုနစ်ဦး ပြန်လည်စုစည်း၍ ကမ္ဘာလှည့် ဖျော်ဖြေပွဲ ပြုလုပ်ရန် စီစဉ်နေပြီဖြစ်ပြီး Suga က သူ့အိပ်မက်ကို တစ်လှမ်းချင်း အကောင်အထည်ဖော်ခဲ့ရာမှ ဖျော်ဖြေပွဲမတိုင်မီကပင် လိုင်စင်ရ စိတ်ပိုင်းဆိုင်ရာ ကုသရေးစင်တာတစ်ခုကို အောင်မြင်စွာ ဖွင့်လှစ်ထားပြီး ဖြစ်သည်။

အနုပညာကို ချစ်မြတ်နိုးသော Suga သည် ဂီတကို ရှူးသွပ်သူတစ်ဦးဖြစ်ပြီး မကြာမီ စိတ်ကုထုံးပညာရှင်အဖြစ်လည်း မြင်တွေ့ကြရမည် ဖြစ်သည်။ (SKY)

0-0-0-0-0-0

## Joo Ji Hoon က သူ့ဘဝကို အရိုးသားဆုံး ဖွင့်ဟဝန်ခံခဲ့



နာမည်ကြီးအနုပညာရှင် ဂျူဂျီဟွန်းသည် ရသစုံအစီအစဉ် တီဗွီအင်န်၏ You Quiz On the Block တွင် သူ့ဘဝကို အရိုးသားဆုံး ဖွင့်ဟဝန်ခံသွားခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျူဂျီဟွန်းက သူသည် ချမ်းသာကြွယ်ဝသော မိသားစုမှ မွေးဖွားလာသူမဟုတ်ဘဲ ဖခင်မှာ ပန်းရန်သမားတစ်ဦးဖြစ်ပြီး ငယ်စဉ်က ငါးခြောက်ဆိုင်နားမှ အခန်းကျဉ်းလေးတွင် အက်ကွဲရာများနှင့် ပြည့်နှက်နေသော အိမ်၌ နေထိုင်ခဲ့ရကြောင်း၊ ရေပူချိုးချင်လျှင် မီးသွေးနှင့် တည်ခဲ့ရကြောင်း၊ ခက်ခဲချို့တဲ့သော အိမ်လေးတွင် ငယ်ဘဝ၏ လွမ်းဆွေးအမှတ်တရများရှိခဲ့ပြီး မိုးရွာသည့်နေ့တွင် အမေက ပန်ကိတ် ပြုလုပ်ပေးချိန်မှာ ပျော်စရာအကောင်းဆုံးနှင့် အနွေးထွေးဆုံး အချိန်ဖြစ်ခဲ့သည်။

မိခင် အလုပ်လုပ်သည့် လယ်တောတွင် ငယ်ဘဝကို ကုန်ဆုံးခဲ့ရပြီး အခြားသူများ ခရီးထွက်ချိန် ဈေးထဲလျှောက်လည်ခဲ့ရသည်။ နောက်ဆုံးမိဘများထံ ရုပ်သံအစီအစဉ်မှာ သားပါဝင်နေပြီ။ အဖေက ခြေထောက်နာနေတာကို သားစိုးရိမ်မှာစိုးလို့ မပြောတာထင်တယ်။ ကျေးဇူးပြုပြီး ကျန်းမာရေးဂရုစိုက်ပါ။ အမေလည်း လေ့ကျင့်ခန်းဆက်လုပ်ပါ။ ညီမလေးလည်း ကျန်းမာနေမယ်လို့ မျှော်လင့်ပါတယ်'ဟု ဖော်ပြထားသည်။ (SKY)

## ဦးနှောက်ဒဏ်ရာရရှိသူများအတွက် ငါးကြီးဆီက အကျိုးမပြုနိုင်ဟု ဆို



ငါးကြီးဆီကို နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုသည့် အိုမီဂါ-3 ဖက်တီးအက်စစ်များ ပါဝင်ပြီး ဦးနှောက်အတွက်ပါ အကျိုးရှိသည်ဟု ယူဆကာ တွင်ကျယ်စွာ အသုံးပြုနေကြသော်လည်း အကြိမ်ကြိမ် ဦးခေါင်းဒဏ်ရာ ရရှိဖူးသူများအတွက်မူ ၎င်း၏ သက်ရောက်မှုသည် အကျိုးရှိစေမည်မဟုတ်ကြောင်း သုတေသနအသစ်တစ်ခုက ဖော်ထုတ်လိုက်သည်။

အမေရိကန်ပြည်ထောင်စု တောင်ကာရိုလိုင်းနား ဆေးတက္ကသိုလ်မှ သိပ္ပံပညာရှင်များ ဦးဆောင်သည့် အဆိုပါလေ့လာမှုကို ဆဲလ်မှတ်တမ်းများ ဂျာနယ်တွင် ဖော်ပြခဲ့သည်။

ထိုလေ့လာမှုအရ ငါးကြီးဆီတွင်ပါဝင်သည့် အချို့သော အစိတ်အပိုင်းများသည် အကြိမ်ကြိမ်ဖြစ်ပွားသော အပျော့စား ဦးနှောက်ထိခိုက်ဒဏ်ရာများ နောက်ပိုင်းတွင် ဦးနှောက်၏ ပြန်လည်နာလန်ထူနိုင်စွမ်းကို အဟန့်အတားဖြစ်စေနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။

ထိုတွေ့ရှိချက်သည် အိုမီဂါ-3 ဖြည့်စွက်စာများသည် အခြေအနေတိုင်းတွင် အကာအကွယ်ပေးနိုင်စွမ်းရှိသည်ဟူသော ယေဘုယျအယူအဆကို စိန်ခေါ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Detective Files တွင် အဓိကမင်းသားနှစ်ဦး ပါဝင်မည်

တရုတ်အနုပညာရှင်လောကမှ မင်းသားနှစ်ဦး ပါဝင်မည့် Detective Files6 မှာ ရိုက်ကူးရေး စတင်နေပြီဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် ထွက်ရှိလာမည်ဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချောမောခန့်ညားသည့် အနုပညာရှင် မင်းသားနှစ်ဦးဖြစ်သည့် ဟွမ်ကျွင့်ကျယ်နှင့် ရှကျစ်ကွမ်းတို့ အဓိက ပါဝင်ထားပြီး လွန်ခဲ့သောလမှစ၍ Heng Dian တွင် ရိုက်ကူးရေး စတင်ခဲ့သည်။

အဆိုပါ ဇာတ်လမ်းတွင် တရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမည်ဖုံးကွယ်ထားသည့် ရင်ခွဲစစ်ဆေးရေးမှူးတို့ နှစ်ဦးလက်တွဲ၍ ထူးဆန်းသော အမှုများစွာကို ဖြေရှင်းခဲ့ကြပြီး ယုံကြည်မှုနှင့် မိတ်ဆွေဖွဲ့မှု တည်ဆောက်ထားကြသည်။

အမည်မဖော်လိုသူ ရင်ခွဲစစ်ဆေးရေးမှူး၏ သရုပ်မှန်မှာ ရာထူးမှ ဖယ်ရှားခံရသည့် အိမ်ရှေ့စံ မျိုးဆက်ဖြစ်ပြီး Xuan-huo ဂိုဏ်း၏ သူတော်စင်ဆက်ခံသူဖြစ်ကြောင်း သဲလွန်စရခဲ့ရာမှ နှစ်ဦးသား ရှင်ခြင်း (သို့မဟုတ်) သေခြင်းဆိုင်ရာ ယှဉ်ပြိုင်မှုတွင် ပါဝင်ပုံကို ရိုက်ကူးထားသည်။ (SKY)




## Fast & Furious6 (သို့မဟုတ်) Fast X မိသားစုအပေါ် အခြေခံရိုက်ကူးထား




ဟောလိဝုဒ်အက်ရှင် ဇာတ်ကြမ်းကား Fast & Furious 6 မှာ မိသားစုအပေါ် အခြေခံရိုက်ကူးထားပြီး ကမ္ဘာကျော် ဘောလုံးသမား စီရော်နယ်ဒိုပါဝင်ထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ကမ္ဘာတစ်ဝန်းမှ မလွတ်မြောက်နိုင်သည့် အန္တရာယ်များ ဖြစ်ပေါ်လာမှု ဆက်တိုက်ဖြစ်ခဲ့ရာမှ အမြန်နှုန်း၊ အင်အား၊ ဉာဏ်ကစားမှုများ အပြည့်အဝအသုံးချပြီး မိသားစုကို ကာကွယ်ရန် ရိုက်ကူးထားခြင်းဖြစ်သည်။

နာမည်ကြီး မင်းသားကြီးနှင့်အတူ စီရော်နယ်ဒို ပါဝင်ထားပြီး မိုက်ခရိုအက်ရှင်၊ ကားပြိုင်ပွဲကြမ်းကြမ်းနှင့် စိတ်လှုပ်ရှားစရာ ဇာတ်လမ်း၊ ဇာတ်ကွက်များကြောင့် အပိုင်း(၁)နှင့်ပင် ပရိသတ်အားပေးမှု မြင့်မားစွာ ရရှိထားသည်။

စီရော်နယ်ဒိုသည် ဘောလုံးစွမ်းရည်သာမက အနုပညာစွမ်းရည်လည်း ပြည့်ဝသူဖြစ်ကြောင်း ထိုဇာတ်ကားတွင် မြင်တွေ့ကြရ၍ ပရိသတ်များ အားပေးမဆုံးဖြစ်နေကြသည်။ (SKY)

# ပင်တဂွန်စစ်ဌာနချုပ်က ဂျာမနီနိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀ ခန့်ကို ပြန်လည်ခေါ်ယူရန် စီစဉ်




ဂျာမနီနိုင်ငံရှိ Ramstein လေတပ်စခန်းကို တွေ့ရစဉ်။

**ဝါရှင်တန် မေ ၂**

ပင်တဂွန်စစ်ဌာနချုပ်က ဂျာမနီနိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀ ခန့်ကို ပြန်လည်ခေါ်ယူရန် စီစဉ်နေကြောင်း အကြီးတန်းကာကွယ်ရေးအရာရှိတစ်ဦးက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ယခုသီတင်းပတ် အစောပိုင်းတွင် ဂျာမနီ အဓိပတိ ဖရက်ဒရစ်ချ် မာ့ဇ်က အီရန်နိုင်ငံအပေါ် အမေရိကန်၏ စစ်ဆင်ရေးဆင်နွှဲမှုကို ဝေဖန်ခဲ့သည်။

အဆိုပါ ဝေဖန်မှုအပေါ် သမ္မတ ထရမ့်က မာ့ဇ်အနေဖြင့် အီရန်၏ နျူကလီးယားရည်မှန်းချက်ကို လျစ်လျူရှုနေကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

စပိန်နှင့် အီတလီနိုင်ငံတို့တွင်လည်း အမေရိကန်၏ စစ်အင်အားကို လျှော့ချနိုင်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

အီရန်အရေးတွင် အီတလီနှင့်စပိန်တို့က စစ်ရေးအရ မည်သည့်ကူညီထောက်ပံ့မှုမျှ မပေးခဲ့သည့်အတွက် ဥရောပမဟာမိတ်များကို ထပ်မံပြစ်တင်ရှုတ်ချကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ဂျာမနီသည် နိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက် လျှော့ချနိုင်ရေးအတွက် ပြင်ဆင်ထားကြောင်းလည်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂျိုဟန် ဝါဒီဖူးလ်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းအထိ ဂျာမနီနိုင်ငံတစ်ဝန်းရှိ အခြေစိုက်စခန်းများတွင် အမေရိကန်တပ်ဖွဲ့ဝင် ၃၆၀၀၀ ကျော်၊ အရန်တပ်ဖွဲ့ဝင် ၁၅၀၀ နီးပါးနှင့် အရပ်သား ၁၁၅၀၀ နီးပါးရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ဂျာမနီနိုင်ငံသည် US European Command နှင့် U.S. Africa Command ဌာနချုပ်တို့ကိုလည်း လက်ခံထားရှိပြီး Ramstein လေတပ်စခန်းသည် အမေရိကန်တပ်မတော်၏ စစ်ဆင်ရေးအတွက် အဓိက အချက်အချာကျသော နေရာတစ်ခုလည်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ပင်လယ်ကွေ့နိုင်ငံများနှင့် တစ်သားတည်းရှိမှုအတည်ပြုရန် စင်ကာပူဝန်ကြီး အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်မည်

**စင်ကာပူ မေ ၂**

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် မိတ်ဖက်နိုင်ငံများနှင့် တစ်သားတည်းရှိမှုကို ထပ်လောင်းအတည်ပြုရန် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဗီဗီယန်ဘာလာခရစ်ရှ်နန် မေ ၂ ရက်မှ ၅ ရက်အထိ အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်မည်ဖြစ်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အာရပ်စော်ဘွားများပြည်ထောင်စု၊ အိုမန်၊ ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့သို့ သွားရောက်မည့် အဆိုပါအလုပ်သဘောခရီးစဉ်အတွင်း ဝန်ကြီးသည် ၄င်း၏ ရာထူးတူဝန်ကြီးများ၊ ပင်လယ်ကွေ့ဒေသ ခေါင်းဆောင်များနှင့် တွေ့ဆုံကာ အရှေ့အလယ်ပိုင်းဒေသ အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးမည်ဖြစ်သည်။



ထို့ပြင် ဒေသတွင်းရှိ စင်ကာပူနိုင်ငံသားများ၏ ဘေးကင်းလုံခြုံရေးနှင့် သာယာဝပြောရေးတို့အတွက် ကူညီပံ့ပိုးပေးမှုများအပေါ် ကျေးဇူးတင်ရှိကြောင်းကိုလည်း ဝန်ကြီးက ပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ကမ္ဘာလုံးဆိုင်ရာ ရိုက်ခတ်မှုများကို ခံနိုင်ရည်ရှိရန်အတွက် ဒေသတွင်း အပြန်အလှန်ကုန်သွယ်မှုအပေါ် ပိုမိုမှုတည်လာနိုင်

**ဝါရှင်တန် မေ ၂**

အာရှစီးပွားရေးလုပ်ငန်းများသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ ပိုင်ဆိုင်ထားသော်လည်း ကမ္ဘာလုံးဆိုင်ရာ ရိုက်ခတ်မှုများကို ခံနိုင်ရည်ရှိရန်အတွက် ဒေသတွင်း အပြန်အလှန် ကုန်သွယ်မှုအပေါ်တွင် ပိုမိုမှုတည်လာနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ခန့်မှန်းထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အိုင်အမ်အက်ဖ် ညွှန်ကြားရေးမှူး ခရစ်ရှ်နားသီရိနီဗာဆန်က ဒေသတွင်း ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ခြင်းသည် ပြင်ပမှလာသော ဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်သည့် အကာအကွယ်တစ်ခုကဲ့သို့ ဖြစ်လာနိုင်ကြောင်းနှင့် လက်ရှိတွင် အာရှဒေသသည် ပြင်ပမှ စွမ်းအင်တင်သွင်းမှုအပေါ် အလွန်အမင်း မှီခိုနေရသည့် ပြဿနာကို ရင်ဆိုင်နေရကြောင်း ပြောကြားသည်။

နိုင်ငံများအနေဖြင့် ဒေသတွင်း၌ ကုန်သွယ်မှုများကို ပိုမိုတိုးမြှင့် လုပ်ဆောင်လာပါက အလုပ်အကိုင် အခွင့်အလမ်းသစ်များစွာ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ အာရှဒေသတွင်း၊ အာဆီယံဒေသတွင်းနှင့် တောင်အာရှဒေသတွင်းတို့တွင် အပြန်အလှန် ကုန်သွယ်မှုပြုလုပ်နိုင်သည့် ကြီးမားသော အလားအလာများ ရှိနေကြောင်း သိရသည်။

Mon

0-0-0-0-0

# ဩစတြေးလျအနောက်ပိုင်းတွင် ကြွက်ဘေးအန္တရာယ်ကြုံတွေ့နေရ လုပ်ငန်းကဏ္ဍအသီးသီးနှင့် အစိုးရ ပူးပေါင်းဆောင်ရွက်သွားမည်

**ကင်ဘာရာ မေ ၂**

ဩစတြေးလျအနောက်ပိုင်းဒေသတွင် ကြုံတွေ့နေရသော ကြွက်ဘေးအန္တရာယ်နှင့် ပတ်သက်၍ စိုးရိမ်မိကြောင်းနှင့် စားနပ်ရိက္ခာထောက်ပံ့မှုအပေါ် သက်ရောက်မှုများကို လျှော့ချနိုင်ရန် လုပ်ငန်းကဏ္ဍအသီးသီးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဩစတြေးလျအစိုးရက မေ ၂ ရက်တွင် အတည်ပြုကြေညာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အနောက်ဩစတြေးလျပြည်နယ်အပါအဝင် ဒေသတွင်းကြုံတွေ့နေရသည့် ကြွက်များပြန့်ပွားမှုအခြေအနေအပေါ် မိမိတို့အနေဖြင့် အမှန်တကယ်ပင် စိုးရိမ်ပူပန်မိကြောင်း စွမ်းအင်ဝန်ကြီး ခရစ်ဘိုဝင်က ဆစ်ဒနီမြို့မှ ရုပ်သံမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ဩစတြေးလျနိုင်ငံ၏ ကောက်ပဲသီးနှံစိုက်ပျိုးရာဒေသများတွင် နှစ်ရှည်လများ အခက်အခဲဖြစ်စေခဲ့သော ကြွက်များသည် လက်ရှိတွင် ဂျုံစိုက်ပျိုးရာ အနောက်ဩစတြေးလျပြည်နယ်ရှိ စိုက်ပျိုးရေးခြံများအတွင်းသို့ ကျူးကျော်ဝင်ရောက်ဖျက်ဆီးလျက်ရှိကြောင်း ဒေသတွင်းသတင်းများတွင်လည်း ဖော်ပြထားသည်။

ထိုအခြေအနေကြောင့် သီးနှံများပျက်စီးဆုံးရှုံးနိုင်ကြောင်း နှံစားသီးနှံထုတ်လုပ်သူများက ဧပြီလတွင် သတိပေးခဲ့ကြပြီး ပိုမိုပြင်းအားကောင်းသော ကြွက်သတ်ဆေးများကို အသုံးပြုခွင့်ပေးရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

Mon

# ဟောင်ကောင်ရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အီးစီးကရက်၊ လျှပ်စစ်စီးကရက် သုံးစွဲခြင်းကို တားမြစ်လိုက်ပြီ



**ပေကျင်း မေ ၂**

ဟောင်ကောင်အာဏာပိုင်များသည် ဆေးရွက်ကြီး သုံးစွဲမှုကို ထိန်းချုပ်ရန်နှင့် ပြည်သူ့ကျန်းမာရေးကို ကာကွယ်ရန် ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်လုပ်ဆောင်လာရာ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အီးစီးကရက်နှင့် လျှပ်စစ်စီးကရက် သုံးစွဲခြင်းကို ယခုအခါ ပိတ်ပင်တားမြစ်လိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ တားမြစ်မိန့်သည် ဧပြီ ၃၀ ရက်တွင် စတင်အသက်ဝင်ခဲ့ပြီး ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်တစ်ခု ဖြစ်လာစေရန် ကျယ်ကျယ်ပြန့်ပြန့် တွန်းအားပေးဆောင်ရွက်နေသည့် နောက်ဆုံးခြေလှမ်းတစ်ရပ်လည်း ဖြစ်သည်။

ဥပဒေစိုးမိုးရေး အရာရှိများကို မြို့တော်၏ ဗဟိုစီးပွားရေးဇုန်တစ်လျှောက်တွင် တာဝန်ချထားပြီး စည်းမျဉ်းသစ်များအကြောင်း ပြည်သူများကို အသိပေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်သူများကို အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

တားမြစ်ချက် စတင်သည့် ပထမဆုံးနေ့တွင်ပင် လျှပ်စစ်စီးကရက်ကိုရိယာ သိမ်းဆည်းခံရသူ အမျိုးသားတစ်ဦးအပါအဝင် အနည်းဆုံး လူလေးဦးကို အပြစ်ပေးအရေးယူခဲ့ကြောင်း သိရသည်။

Mon

## မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ ကျင်းပ



**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ဂန့်ဂါရပ်ကွက်၌ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲများကို မေ ၁ ရက် နံနက် ၁၀နာရီက ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက မီးဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားသည်။ ထို့နောက် မီးဘေးသင့်အိမ်ထောင်စု ၁၁ စုအတွက် ညောင်ဦးခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ အိမ်ထောင်တစ်စုလျှင် ဆန် ၁၂ ပြည်၊ ပဲ နှစ်ပြည်၊ ဆီတစ်ပိဿာနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ပြီး ညောင်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ မီးဘေးသင့်အိမ် ၁၁ လုံးအတွက် အိမ်ဆောက်ပစ္စည်းထောက်ပံ့ငွေကျပ် ၁၂ သိန်း၊ မီးဘေးသင့်အိမ်ထောင်စုဝင် တစ်ဦးလျှင် ဆန်ရိက္ခာငွေကျပ် ၅၀၀၀ နှုန်း၊ လူဦးရေ ၄၃ ဦးအတွက် ငွေကျပ် ၂၁၅၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ၁၁ ပုံး၊ တန်ဖိုး ငွေကျပ် ၁၅၆၇၀၂၆ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ပေးအပ်ပွဲသို့ ညောင်ဦးခရိုင် စီမံခန့် ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်းစိုး၊ ဦးကျော်မင်းညို၊ အဖွဲ့ဝင် ဦးစံထွေးမောင်၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဓဲပုံ)

(၄စ၁)

*-*-*-*-*-*



## လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ ဂန့်ဂါရပ်ကွက်နေ ဒေါ်×××× ၏ နေအိမ်တွင် လျှပ်စစ်ဓာတ်တိုင်မှ မီတာဘောက်(စ်)သို့ သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုး အပူလွန်ကဲရာမှ ထန်းလက်အမိုးသို့ မီးကူးစက်ပြီး မီးလောင်မှု ဧပြီ ၃၀ ရက် ည ၉ နာရီခန့်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ညောင်ဦးခရိုင်မီးသတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိမ်းထွန်း ဦးစီး၍ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ မြို့နယ်မီးသတ်စခန်းမှ ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်(၃)စီး၊ ရေသယ်ယာဉ်(၁)စီး၊ ပုဂံနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ ရေသယ်ယာဉ်(၂)စီး၊ ပုဂံအရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ သန္နေတပ်ဖွဲ့ဝင် ၃၆ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၈ ဦးတို့ဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် ပေ(၂၀×၂၀)၊ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ်နေအိမ်(၁)လုံးနှင့် (၁၀ × ၁၀)ပေ သွပ်မိုး၊ အကာမပါ၊ နွားစာတဲ (၁)လုံး၊ (၁၂ × ၁၂)ပေ၊ သွပ်မိုး၊ ထရံကာ၊ (၁)ထပ်နေ အိမ်(၁) လုံး၊ (၁၂ × ၁၂)ပေ၊ ထန်းရွက်မိုး၊ ထရံကာ၊ မြေစိုက်နေအိမ် (၂)လုံး၊ (၁၂ × ၁၂)ပေ၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်နေအိမ် (၆) လုံး၊ (၁၂ × ၁၂)ပေ၊ သက်ငယ်မိုး၊ ထရံကာ၊ မြေစိုက်နေအိမ် (၁)လုံးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူနေ အိမ်ပိုင်ရှင်ဒေါ်××××× (၆၂)နှစ်အား ပုဂံနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၇)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ထမံသီကျေးရွာ၊ ပင်းမာကျေးရွာနှင့် ထွက်ဝကျေးရွာတို့တွင် လေပြင်းတိုက်ခတ်

**ဟုမ္မလင်း မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာ၌ ဧပြီ ၃၀ ရက် ည ၇ နာရီ ၁၅မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ထမံသီကျေးရွာအရှေ့ဘက် ၄ ဖာလုံခန့်အကွာ ပင်းမာကျေးရွာရှိ သွပ်မိုး၊ ပျဉ်ကာ၊ လူနေအိမ် သွပ်မိုး၊ ပျဉ်ကာ၊ လူနေအိမ် ၄ လုံးတွင် သွပ်မိုး ၉၄ ချပ် အမိုးလုန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် ထမံသီကျေးရွာ မြောက်ဘက် ၁ မိုင်ကျော်အကွာ ထွက်ဝကျေးရွာ၊ အ.လ.က(ခွဲ)ရှိ နံကပ်၊ သွပ်မိုး ၁ ထပ် စာသင်ဆောင်၏ သွပ်မိုး ၁ ချပ်နှင့် ၄ ခန်းတွဲ ရေလောင်းအိမ်သာ၏ သွပ်မိုး ၁၆ ချပ်၊ စုစုပေါင်း သွပ်မိုး ၁၇ ချပ် အမိုးလုန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ထွက်ဝကျေးရွာရှိ သွပ်မိုး၊ ပျဉ်ကာ လူနေအိမ် ၂ လုံးတွင် သွပ်မိုး ၈၃ ချပ် ဆုံးရှုံးခဲ့ပြီး လူ၊ တိရစ္ဆာန်၊ နေအိမ်၊ အဆောက်အအုံထိခိုက်၊ သေဆုံး၊ ပျက်စီးဆုံးရှုံးမှု ထပ်တိုးရှိပါက ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)(၃၉၄)**



## နေအိမ် မီးလောင်မှုဖြစ်ပွား

**ဖျာပုံ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ချောင်းဝကျေးရွာ၌ ဧပြီ ၂၉ ရက် နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က ပိုင်ရှင် ဒေါ်ထားထား(၅၈)နှစ်ဆိုသူ၏ ၁၅ ပေ × ပေ ၂၀၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိ ထရံအကာသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဖျာပုံခရိုင်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ၁၅ ပေ × ပေ ၂၀၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ် ၃၇ လုံး၊ ၁၀ ပေ × ၁၅ ပေ၊ ဓနိမိုး၊ ဓနိကာ၊ ဝါးခင်း နေအိမ် ၂၈ လုံး၊ ၃၅ပေ × ပေ ၄၀၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း နေအိမ် ၃ လုံး၊ ၁၅ ပေ × ပေ ၃၀၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း နေအိမ် နှစ်လုံး၊ စုစုပေါင်း နေအိမ် ၇၀ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဒေါ်ထားထားဆိုသူအား ဖျာပုံမြို့နယ်၊ ဒေါ်ငြိမ်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မော်တော်ယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိခဲ့မှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

**မိုင်းဖြတ် မေ ၂**

ရှမ်းပြည်နယ်၊ မိုင်းဖြတ်မြို့နယ်၌ ဧပြီ ၂၈ ရက်က မော်တော်ယာဉ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိခဲ့မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၈ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရှမ်းပြည်နယ်၊ မိုင်းဖြတ်မြို့နယ်၊ နမ့်ခမ်းတောင်ကျေးရွာအနီး၊ တာချီလိတ်-ကျိုင်းတုံကားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မိုင်းဖြတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ တာချီလိတ်မြို့မှ ကျိုင်းတုံမြို့ဘက်သို့ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နေ ဦးမောင်အေး(၄၅)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA WAVE 125ဆိုင်ကယ်နှင့် ကျိုင်းတုံမြို့မှ တာချီလိတ်မြို့ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ဒဟတ္တန်း(တောင်)ကျေးရွာနေ ဦးသိန်းသန်းဝင်း(၃၉)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN 12 ဘီး မော်တော်ယာဉ်တို့သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးမောင်အေးဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် မောင်အေးနှင့် သိန်းသန်းဝင်းဆိုသူတို့နှစ်ဦးအား မိုင်းဖြတ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ညောင်ရေသွန်းပွဲ ဆင်နွှဲချိန်ခါ မဟာဝိဟာရကျောင်းတော်မှာ



မဟာဝိဟာရကျောင်းတော်၏ တတိယအကြိမ် ဗောဓိပူဇာညောင်ရေသွန်းမင်္ဂလာပွဲကို ၁၃၇၈ ခု၊ ကဆုန်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့သည်။

ညောင်ရေသွန်းမင်္ဂလာအခမ်းအနားအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးနန်းတော်ရှေ့ စာပေတင်းကုပ်တွင် ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲတွင် မန္တလေး၊ အမရပူရ၊ ပုသိမ်ကြီး၊ အင်းဝ တံတားဦး၊ စစ်ကိုင်းစသည်တို့မှ စာရေးဆရာ၊ ဆရာမကြီးများနှင့် စာပေချစ်မြတ်နိုးသူများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

ဗောဓိပူဇာ ညောင်ရေသွန်းမင်္ဂလာအကြိုအဖြစ် မဟာဝိဟာရကျောင်းတိုက်(မန္တလေး၊ ပြင်ဦးလွင်)ဥပဋ္ဌာကအဖွဲ့မှ ထုတ်ဝေသည့် မဟာဝိဟာရ သာသနာ့မော်ကွန်းအမှတ် (၃) စာအုပ်ကြီးကိုလည်း ဓမ္မဒါနလက်ဆောင် ပေးဝေရေးအတွက် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ မဟာဝိဟာရ သာသနာ့မော်ကွန်းအမှတ်(၃)အား ရဟန်းစာဆို တက္ကသိုလ်တေဇာလင်း၊ မေမြို့ဆွေလင်း၊ သား အောင်မြင့် (ဖားကန့်)၊ သက်နိုင်ထွန်း (နေပြည် တော်)တို့မှ စုစည်းစီစဉ်ပူဇော်ခဲ့ကြခြင်းဖြစ်သည်။

စာအုပ်ဖြစ်မြောက်စေရေး အသေးစိတ်တာဝန်ယူ ပူဇော်ခဲ့သော ဆရာတော်တက္ကသိုလ်တေဇာလင်းက စာအုပ်ဖြစ်မြောက်ရေး ကြိုးပမ်းရမှုများကို ရှင်းလင်းမိန့်ကြားခဲ့၍ နှစ်စဉ်အထိမ်းအမှတ် မဂ္ဂဇင်းကြီးအဖြစ် ဆက်လက်အောင်မြင်စွာ ပူဇော်နိုင်ရေး တွန်းအားပေးလမ်းညွှန်ခဲ့သည်။ ဆရာကြီး သား အောင်မြင့်(ဖားကန့်)က ကဆုန်လပြည့် ညောင်ရေသွန်းပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး၊ မန္တလေးနန်းတော်ရှေ့စာပေတင်းကုပ်ရေနွေးကြမ်းဝိုင်းနှင့် နယ်ပယ်အသီးသီးမှ မဂ္ဂဇင်းဖြစ်မြောက်ရေး ကဗျာ၊ လင်္ကာ၊ စာပေများရေးသားပူဇော်ကြ သော ဆရာ၊ ဆရာမကြီးများအား ဗောဓိပူဇာ ညောင်ရေသွန်းပွဲသို့ တက်ရောက်နိုင်ရေး စီစဉ်လမ်းညွှန်ပေးခဲ့သည်။ ညောင်ရေသွန်းပွဲသဘင်တွင် မဂ္ဂဇင်းစာအုပ်အမှတ်(၃)အား ရေးသားပူဇော်သူများသို့ လက်ရောက်ပေးအပ်မည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပေသည်။

ကဆုန်လပြည့်နေ့ နံနက် ၈ နာရီတွင် စာပေတင်းကုပ်စုရပ်မှ ယာဉ်နှစ်စီး၊ အမရပူရစုရပ်မှ ယာဉ်တစ်စီး၊ ပုသိမ်ကြီးစုရပ်မှ ယာဉ်တစ်စီး စုပေါင်းမိကြ၍ အခြားကိုယ်ပိုင်ယာဉ်များနှင့် စာရေးဆရာ၊ ဆရာမကြီးများလည်း စုရပ်မှ စတင်ထွက်ခွာခဲ့ကြသည်။ မန္တလေး-မတ္တရာကားလမ်းအတိုင်းထွက်ခွာခဲ့ကြပြီး လင်းမြွေချောင်းကျေးရွာအနီးတွင် "မဟာဝိဟာရကျောင်းတိုက်"သို့ အဝင်အမှတ်အသားမှ လက်ယာဘက် တောင်ကြားသို့ ကွေ့ဝင်မောင်းနှင်ပြီး ကျောင်းတော်သို့ မကြာမီ ရောက်ရှိခဲ့ကြပေသည်။

အခမ်းအနားကို နံနက် ၉ နာရီတွင် စတင်မည်ဖြစ်ရာ ရဟန်းစာဆိုဆရာတော် တက္ကသိုလ်တေဇာလင်း ဦးဆောင်၍ စာရေးဆရာ၊ ဆရာမကြီးများသည် တရားနာယူရမည့် သိမ်တော်ကြီးအပေါ်သို့ တန်းစီကြွရောက်နေရာယူခဲ့ကြပေသည်။

အခမ်းအနားတွင် အလှူ့ရေစက်ချ အခမ်းအနားမင်္ဂလာသဘင်စတင်ကျင်းပခဲ့ပြီး တရားတော်များကို နာယူကြရာတွင် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဖိတ်ကြားထားသူများ၊ ဝတ်အသင်းသူ၊ အသင်းသားများ ဧည့်သည်တော်များနှင့် စည်စည်ကားကား ရှိလှပေသည်။ တရားတော်နာယူကြပြီး အလှူ့ရှင်တို့၏ အပ်စပ်ရာအလှူများကို ဖတ်ကြားကြေညာက်ထားကြသည်။

ထို့နောက် မန္တလေးနန်းတော်ရှေ့စာပေတင်းကုပ်စာရေးဆရာ၊ ဆရာမကြီးများ၏ စုပေါင်းအလှူဒါနအဖြစ် "မဟာဝိဟာရဆရာတော်"အား စာပေတင်းကုပ်မှ အောင်တင်ဝင်း(ငါ့သရောက်)၊ မြင့်သိန်း(ပညာရေး)နှင့် နာယကကြီးများမှ သင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ကြပေသည်။ ထို့နောက် မဟာဝိဟာရကျောင်းတော်ကြီး၏ ဥပဋ္ဌာကအဖွဲ့ဝင်များမှ ကျောင်းတိုက်ကြီး ပေါ်ပေါက်လာရေးကြိုးပမ်းမှုများ၊ နာယကကြီး သား အောင်မြင့်နှင့် သာသနာ့မြေ အလှူ့ရှင် ဦးအောင်ကြည်၊ မော်ကွန်းစာအုပ်ကြီးဖြစ်မြောက်စေရေးအတွက် အားသွန်ကြိုးပမ်းပေးသော ဦးသက်နိုင်ထွန်း (နေပြည်တော်) ကျေးဇူးတင်စကားပြောကြားပေးသော ဥပဋ္ဌာကအဖွဲ့ဝင်လူကြီးမင်းများတို့က အသီးသီးမုဒိတာ စကားပြောကြားခဲ့ကြသည်။




ကဆုန်ညောင်ရေသွန်းပွဲတော်အတွက် လာရောက်ပူဇော်ကြသော နီးစပ်ရာရွာများဖြစ်သော ဒဟတ္တော၊ ကြာနီကန်၊ ဂန္ဓမာရွာဝတ်အသင်းသူများမှ မဂ္ဂဇင်းကြီးတွင် ပါဝင်သော ရှစ်လုံးဖွဲ့ကဗျာများကို ရွတ်ဆိုပူဇော်ခဲ့ကြသည်။ ပူဇော်သောအသင်းသူများကို ပ၊ ဒု၊ တ ရွေးချယ်၍ ဆရာကြီး သား အောင်မြင့်(ဖားကန့်)က ဆုတော်ငွေများ ချီးမြှင့်ခဲ့သည်။

ပူဇော်ပွဲအပြီးတွင် ဆရာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်းကြ၍ လာရောက်ကြသော ဧည့်ပရိသတ်များကိုလည်း မနက်စာဖြင့် ကျွေးမွေးဧည့်ခံကြရာ လိုလေသေးမရှိ ပြည့်စုံလှပေသည်။

မနက်စာသုံးဆောင်ကြအပြီးတွင် ဒုတိယပိုင်း အခမ်းအနားကို ပြန်လည်ကျင်းပကြပြီး စာရေးဆရာ၊ ဆရာမကြီးများမှ ကဗျာ၊ လင်္ကာများဖြင့် အလှည့်ကျ ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် ဆရာကြီး သားအောင်မြင့်(ဖားကန့်)နှင့် ဥဋ္ဌာကအဖွဲ့ဝင် လူကြီးများက မဟာဝိဟာရ သာသနာ့မော်ကွန်း အမှတ်(၃)ကို စာရေးသူ ဆရာ၊ ဆရာမများသို့ လက်ရောက်လှူဒါန်းခဲ့ကြပေသည်။ စာမျက်နှာ ခြောက်ရာခန့်ဖြင့် "ဗောဓိပူဇာ ညောင်ရေသွန်း မင်္ဂလာ မဟာဝိဟာရ သာသနာ့မော်ကွန်း" စာအုပ်ကြီးမှာ ခန့်ညားထည်ဝါမှုရှိပြီး စာအုပ်ကြီး ဖြစ်မြောက်ရေး အားသွန်ကြိုးပမ်းခဲ့သော ရဟန်း စာဆိုတက္ကသိုလ်တေဇာလင်း၊ ဆရာကြီး သား အောင်မြင့် (ဖားကန့်)၊ သက်နိုင်ထွန်း (နေပြည်တော်)တို့အား စာရေးဆရာ၊ ဆရာမကြီးများမှ ကျေးဇူးတင် ဦးခိုက်မိပေသည်။

ထိုမှ ဗောဓိပူဇာညောင်ရေသွန်းမင်္ဂလာအချိန် ကျရောက်ရာတွင် ဆရာတော်၊ သံဃာတော်များက ဗောဓိပူဇာသဘင်ကျင်းပရာ ဥပဋ္ဌာကအဖွဲ့ဝင် လူကြီးများ၊ စာရေးဆရာ၊ ဆရာမကြီးများ ဝတ်အသင်းသူ၊ အသင်းသားများ၊ ဧည့်သည်တော်များ စုပေါင်း၍ ညောင်ရေအိုးများ၊ သာသနာ့အလံတော်များ၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်များ ကိုင်ဆောင်ကာ စနစ်တကျ တန်းစီ၍ မဟာဗောဓိပင်ရှိရာသို့ ရေသွန်းမင်္ဂလာ သဘင်ဆင်ယင်ခဲ့ကြသည်မှာ ကြည်နူးဖွယ်ကောင်းလှပေသည်။

ကဗျာဆရာ စောချိုသာက ဗောဓိပူဇာမဂ္ဂဇင်းတွင် ထပ်တွန့် ရှစ်ဆယ်ပေါ် ထားထပ်အဖြစ် ပူဇော်ထားသော…

**"သဒ္ဓါအရှိသာစွ၊ ဓမ္မအသိထာဝရ**
**မဟာဝိဟာရ ကျောင်းမြတ်မှာ**
**အကောင်းဓာတ်သာစေ အစဉ်ပ**
**အထင်ကရ ဗောဓိမဟာ**
**ပေါ်ပြည့်သာယာ။**
**မခြားအခေါင် ဆင့်အလှ**
**တရားဆောင် အခွင့်ရ**
**သားအောင်မြင့်မှ ဦးဆောင်ကာသာ**
**အထူးဆောင်ရာ အောင်ပန်းဆင်ရှာလေး။**
**အများအခွင့်သာစိမ့်၊ တရားဖြင့် သဒ္ဓါအရိပ်**
**ဖွား၊ ပွင့်၊ ဗျာဒိတ်၊ နိဗ္ဗူစံရာ**
**ကဆုန်လသည်အခါ ရေသွန်းပါစို့လေး"**

ဟူသော တေးထပ်ပါ စာအလှဖြင့် မဟာဝိဟာရ ညောင်ရေသွန်းပွဲ မင်္ဂလာအခမ်းအနားကို ဂုဏ်ပြုပူဇော်အပ်ပါသည်။

မဟာဝိဟာရ ရေသွန်းမင်္ဂလာနှင့် သာသနာ့မော်ကွန်း အခွန့်ရှည်ပါစေကြောင်း၊ ပူဇော်ခွင့်ရသူ စာရေးဆရာ၊ ဆရာမကြီးများက သာဓုအနုမောဒနာခေါ်ဆို ရေးသားပူဇော်အပ်ပါသည်။

ဖြိုး(ဓမ္မအလင်း)

ဗောဓိပူဇာ ညောင်ရေသွန်းမင်္ဂလာအချိန် ကျရောက်ရာတွင် ဆရာတော်၊ သံဃာတော်များက ဗောဓိပူဇာသဘင်ကျင်းပရာ ဥပဋ္ဌာကအဖွဲ့ဝင် လူကြီးများ၊ စာရေးဆရာ၊ ဆရာမကြီးများ ဝတ်အသင်းသူ၊ အသင်းသားများ၊ ဧည့်သည်တော်များ စုပေါင်း၍ ညောင်ရေအိုးများ၊ သာသနာ့အလံတော်များ၊ ပန်း၊ ဆီမီး၊ အမွှေး တိုင်များ ကိုင်ဆောင်ကာ စနစ်တကျ တန်းစီ၍ မဟာဗောဓိပင် ရှိရာသို့ ရေသွန်းမင်္ဂလာသဘင် ဆင်ယင်ခဲ့ကြသည်မှာ ကြည်နူး ဖွယ်ကောင်းလှပေသည်။

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ မောရစ်ဆင်ကို အမြဲတမ်းနည်းပြအဖြစ် ဝက်စ်ဘရွန်းအသင်း ခန့်အပ်



**လန်ဒန် မေ ၂**

လိဂ်ချန်ပီယံရှစ် ကလပ် ဝက်စ်ဘရွန်းအသင်းသည် ယာယီနည်းပြ မောရစ်ဆင်ကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဝက်စ်ဘရွန်းအသင်းကို လိဂ်ချန်ပီယံရှစ်မှ တန်းမဆင်းရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် အမြဲတမ်း နည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရခြင်း ဖြစ်သည်။ (ဝဲပုံ)

နည်းပြ မောရစ်ဆင်သည် ဝက်စ်ဘရွန်းအသင်းကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၁ပွဲတွင် ၄ပွဲနိုင်၊ ၆ပွဲသရေ၊ ၁ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၃၉)နှစ်အရွယ်ရှိ နည်းပြ မောရစ်ဆင်က "ကျွန်တော် အခုလို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေ ရရှိနိုင်ဖို့လည်း ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)

## နည်းပြ ဟန်ဆီဖလစ်ခ်ကို စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ မေ ၂**

ဘာစီလိုနာအသင်းသည် အသင်းနည်းပြ ဟန်ဆီဖလစ်ခ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။


အဆိုပါ နည်းပြသည် ဘာစီလိုနာအသင်းကို ၂၀၂၄ ခုနှစ်၊ မေ ၂၉ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၁၂ပွဲတွင် ၈၅ပွဲနိုင်၊ ၁၀ပွဲသရေ၊ ၁၇ပွဲရှုံး ရလဒ်ဖြင့် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်း၏ ထုတ်ပြန်ချက်တွင် "ဟန်ဆီဖလစ်ခ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် နည်းပြကောင်း တစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ (NGB)

## ဂျူလီယန်အယ်လ်ဗာရက်ဇ် ခြေသလုံးဒဏ်ရာကြောင့် ရက်သတ္တအတန်ကြာ အနားယူရဖွယ်ရှိ

**မက်ဒရစ် မေ ၂**

အက်သလက်တီကိုမက်ဒရစ် အသင်းတိုက်စစ်မှူး ဂျူလီယန်အယ်လ်ဗာရက်ဇ် ခြေသလုံး ဒဏ်ရာကြောင့် ရက်သတ္တ အတန်ကြာ အနားယူရဖွယ်ရှိနေသည်။



အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် အာဆင်နယ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂျူလီယန်အယ်လ်ဗာရက်ဇ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျူလီယန်အယ်လ်ဗာရက်ဇ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၅ပွဲ ကစားပြီး ၄၉ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အပေါ်ဝဲပုံ)(NGB)

## 2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Jannik Sinner တက်ရောက်

**မက်ဒရစ် မေ ၂**

စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။ (ယာပုံ)

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils ကို ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)



## အာချီဘရောင်းကို ခေါ်ယူရန် နော်တင်ဟမ်ဖောရက်စ်အသင်း စီစဉ်

**လန်ဒန် မေ ၂**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် ဖီနာဘာချီအသင်း နောက်ခံကစားသမား အာချီဘရောင်းကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဖီနာဘာချီအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၅ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။




ဖီနာဘာချီအသင်းကလည်း အာချီဘရောင်းအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဖီနာဘာချီအသင်းထံမှ အာချီဘရောင်းကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃-၅-၂၀၂၆ ညနေ ၆:၃၀ နာရီ | (၇)ဆဲလ်တာဗီဂို - အယ်လ်ချီ(၁၅) (L,L,L,L,L) (W,L,W,W,W) | ဆဲလ်တာဗီဂို ၁-၀ အယ်လ်ချီ / အယ်လ်ချီ ၀-၁ ဆဲလ်တာဗီဂို |
| ၃-၅-၂၀၂၆ ည ၈:၄၅ နာရီ | (၆)ဂီတာဖေး - ဗယ်လက်ကာနို(၁၁) (W,W,L,W,L) (L,L,W,D,W) | ဂီတာဖေး ၀-၀ ဗယ်လက်ကာနို / ဗယ်လက်ကာနို ၁-၀ ဂီတာဖေး |
| ၃-၅-၂၀၂၆ ည ၁၁:၀၀ နာရီ | (၅)ဘက်တစ် - အိုဗီဒို(၂၀) (D,D,L,W,D) (L,W,W,D,L) | ———— |
| ၄-၅-၂၀၂၆ နံနက် ၁:၃၀ နာရီ | (၁၃)အက်စ်ပန်ညို - ရီးရဲလ်မက်ဒရစ်(၂) (L,D,L,L,D) (L,D,L,W,D) | အက်စ်ပန်ညို ၁-၀ ရီးရဲလ်မက်ဒရစ် / ရီးရဲလ်မက်ဒရစ် ၄-၁ အက်စ်ပန်ညို |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃-၅-၂၀၂၆ ည ၈:၀၀ နာရီ | (၁၆)စိန့်ပေါလီ - မိန့်ဇ်(၁၀) (L,D,L,D,L) (W,L,L,D,L) | စိန့်ပေါလီ ၀-၃ မိန့်ဇ် / မိန့်ဇ် ၂-၀ စိန့်ပေါလီ |
| ၃-၅-၂၀၂၆ ည ၁၀:၀၀ နာရီ | (၁၁)မိုချန်ဂလာဘတ် - ဒေါ့မွန်(၂) (D,D,L,D,D) (W,W,L,L,W) | မိုချန်ဂလာဘတ် ၁-၁ ဒေါ့မွန် / ဒေါ့မွန် ၃-၂ မိုချန်ဂလာဘတ် |
| ၄-၅-၂၀၂၆ နံနက် ၀၀:၀၀ နာရီ | (၈)ဖရိုင်းဘတ် - ဝုဗ်ဘတ်(၁၇) (W,W,L,L,L) (L,L,L,W,D) | ဖရိုင်းဘတ် ၃-၂ ဝုဗ်ဘတ် / ဝုဗ်ဘတ် ၀-၁ ဖရိုင်းဘတ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃-၅-၂၀၂၆ ည ၇:၃၀ နာရီ | (၄)လိုင်လီ - လီဟာဗာ(၁၄) (W,W,W,D,W) (L,D,D,D,D) | လိုင်လီ ၁-၂ လီဟာဗာ / လီဟာဗာ ၀-၃ လိုင်လီ |
| ၃-၅-၂၀၂၆ ည ၉:၄၅ နာရီ | (၁၆)အော်ဇေး - အန်ဂါးစ်(၁၃) (W,D,D,D,L) (L,D,L,D,L) | အော်ဇေး ၁-၀ အန်ဂါးစ် / အန်ဂါးစ် ၂-၀ အော်ဇေး |
| ။ | (၁၂)ပါရီ - ဘရက်စ်(၁၁) (W,D,W,W,L) (L,L,L,D,D) | ———— |
| ။ | (၈)စထရာဘော့စ် - တူးလော့စ်(၁၀) (W,L,L,W,L) (L,L,L,L,D) | စထရာဘော့စ် ၂-၁ တူးလော့စ် / တူးလော့စ် ၁-၂ စထရာဘော့စ် |
| ၄-၅-၂၀၂၆ နံနက် ၀၁:၁၅နာရီ | (၃)လိုင်ယွန် - ရင်းနက်စ်(၅) (L,D,W,W,W) (D,W,W,W,W) | လိုင်ယွန် ၄-၁ ရင်းနက်စ် / ရင်းနက်စ် ၃-၀ လိုင်ယွန် |

### အီတလီစီးရီအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃-၅-၂၀၂၆ ညနေ ၅:၀၀ နာရီ | (၉)ဘိုလော့ဂ်နာ - ကက်ဂလီယာရီ(၁၆) (L,W,L,L,L) (L,L,W,L,W) | ဘိုလော့ဂ်နာ ၂-၁ ကက်ဂလီယာရီ / ကက်ဂလီယာရီ ၀-၂ ဘိုလော့ဂ်နာ |
| ၃-၅-၂၀၂၆ ည ၇:၃၀ နာရီ | (၁၀)ဆက်ဆူအိုလို - အေစီမီလန်(၃) (D,W,L,W,D) (W,L,L,W,D) | ဆက်ဆူအိုလို ၃-၃ အေစီမီလန် / အေစီမီလန် ၁-၀ ဆက်ဆူအိုလို |
| ၃-၅-၂၀၂၆ ည ၁၀:၃၀ နာရီ | (၄)ဂျူဗင်တပ် - ဗီရိုနာ(၁၉) (D,W,W,W,D) (L,L,L,L,D) | ဂျူဗင်တပ် ၂-၀ ဗီရိုနာ / ဗီရိုနာ ၀-၃ ဂျူဗင်တပ် |
| ၄-၅-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | (၁)အင်တာမီလန် - ပါးမား(၁၂) (W,W,W,W,D) (L,D,D,W,W) | အင်တာမီလန် ၃-၁ ပါးမား / ပါးမား ၂-၂ အင်တာမီလန် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃-၅-၂၀၂၆ ည ၇:၃၀ နာရီ | (၇)ဘွန်းမောက် - ပဲလေ့စ်(၁၃) (D,D,W,W,D) (W,L,D,L,W) | ဘွန်းမောက် ၀-၀ ပဲလေ့စ် / ပဲလေ့စ် ၀-၀ ဘွန်းမောက် |
| ၃-၅-၂၀၂၆ ည ၉:၀၀ နာရီ | (၃)မန်ယူ - လီဗာပူး(၄) (W,D,L,W,W) (L,W,L,W,W) | မန်ယူ ၀-၃ လီဗာပူး / လီဗာပူး ၂-၂ မန်ယူ |
| ၄-၅-၂၀၂၆ နံနက် ၀၀:၃၀ နာရီ | (၅)ဗီလာ - စပါး(၁၈) (D,W,W,L,L) (W,L,L,D,W) | ဗီလာ ၂-၀ စပါး / စပါး ၄-၁ ဗီလာ |

# ပွင့်ဖြူမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ တွေ့ဆုံမိတ်ဆက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပွင့်ဖြူ မေ ၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည် ဖော် ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ နှင့် ဌာနဆိုင်ရာများ တွေ့ဆုံ မိတ်ဆက် လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပခဲ့ သည်။



ရှေးဦးစွာ ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးလင်းလင်းအောင်က အစိုးရသစ်၏ ရက်(၁၀၀) စီမံ ချက်ဖြင့် ဆောင်ရွက်မည့် ဌာန ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးဆန်းယုနိုင် နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရန်နိုင်စိုးတို့က တက်ရောက်လာသည့် ဌာနဆိုင်ရာ များနှင့် ရပ်ကွက်၊ ကျေးရွာအုပ် ချုပ်ရေးမှူးများအား တွေ့ဆုံ မိတ်ဆက် စကားများပြောကြား ပြီး ဌာနဆိုင်ရာအလိုက် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူမြို့ နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အောင်မြင်စွာ ဖော် ဆောင်နိုင်ရေးအတွက် ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အစိုးရသစ်၏ ရက် (၁၀၀)စီမံချက်ဖြင့် မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက် မည့် ဦးစားပေးလုပ်ငန်းများ၊ ဌာန ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စား လှယ်များ၊ ဌာနဆိုင်ရာများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဖြင့် ဆောင်ရွက်ကြရန် ဖြည့်စွက် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၄၅)



# ပြည်ကြီးတံခွန်မြို့နယ် အားကစားဖွံ့ဖြိုးရေး အခြေခံဘောလုံးသင်တန်းဖွင့်လှစ်

**မန္တလေး မေ ၂**

မန္တလေး၊ ပြည်ကြီးတံခွန် မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက် စေရေးအတွက် မြို့နယ်အားကစား နှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး ၍ အခြေခံဘောလုံးသင်တန်းကို မေ ၁ ရက်မှ ၁၉ ရက်အထိ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၆လမ်း၊ ၁၂၇လမ်းနှင့် ၁၂၈လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ပြည်သူ့ အားကစားကွင်း၌ သင်ကြားပေး လျက်ရှိသည်။

အခြေခံဘောလုံးသင်တန်း အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး အတွက် ပြည်ကြီးတံခွန်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ် စားလှယ် ဦးအောင်နိုင်ဦးက ငွေကျပ် တစ်သိန်းနှင့် သင်တန်း သား မိဘတစ်ဦးက ငွေကျပ် ငါးသောင်း လှူဒါန်းကြသည်။ သင်တန်းတွင် အသက် ၁၃ နှစ် အောက် ၄၀ ဦးနှင့် အသက် ၁၄ နှစ်အထက် ၄၅ ဦး တက်ရောက် ကြပြီး မြန်မာ့လက်ရွေးစင် အသင်း လူငယ်နည်းပြ ကိုသက် နိုင်၊ ကိုကျော်သက်ဦးနှင့် မြို့နယ် အားကစားမှူး ဒေါ်စန်းစန်းအေး တို့က လေ့ကျင့်သင်ကြားပေး လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)




# ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်

**စဉ့်ကူး မေ ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းတွင် နိုင်ငံသားစိစစ် ရေးကတ်များကို ထုတ်ပေးလျက် ရှိရာ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရက် (၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ် ရေးကတ်များကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကွင်းဆင်းဆောင် ရွက်ခဲ့သည်။

အဆိုပါ ရက်(၁၀၀)စီမံချက် ဖြင့် အသက်(၁၀)နှစ်နှင့် (၁၈) နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ၊ အသက်(၁၈)နှစ် အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား နိုင်ငံသားစိစစ် ရေးကတ် ကွင်းဆင်းဆောင်ရွက် ပေးနေခြင်း လုပ်ငန်းကို လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ စဉ့်ကူးမြို့နယ် ဦးစီး မှူး ဦးလှထွေး ဦးဆောင်သော ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေး ကတ် ပြုလုပ်ပေးခြင်း၊ UID CARD ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး စဉ့်ကူး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ထွန်းထွန်းနိုင်တို့က လာရောက်ကြည့်ရှု၍ လိုအပ်သည် များကို ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

တင်စာလွင်(ပြန်/ဆက်)

✱-✱-✱-✱-✱-✱-✱

# ကျန်းမာရေးနှင့် ပျော်ရွှင်မှုကို ပေါင်းစပ်ထားသော Zumba လှုပ်ရှားမှု လူကြိုက်များလာ

**မန္တလေး မေ ၂**

မန္တလေးမြို့ အပါအဝင် မြန်မာ နိုင်ငံအနှံ့တွင် Zumba အား ကစားလှုပ်ရှားမှုကို စိတ်ဝင်စား သူများ တိုးပွားလာနေသည်။

အဆိုပါ လှုပ်ရှားမှုသည် ကျန်းမာရေးအတွက် အကျိုးရှိစေ ရုံသာမက စိတ်ပျော်ရွှင်မှုကိုလည်း တိုးတက်စေသဖြင့် လူငယ်များနှင့် အလုပ်သမားအဖွဲ့များအကြား လူ ကြိုက်များလာခြင်းဖြစ်သည်။

Zumba သည် သီချင်းမြူး မြူးများနှင့်အတူ ကိုယ်လက်လှုပ် ရှားမှုများကို ပေါင်းစပ်ထားသော အားကစားတစ်မျိုးဖြစ်ပြီး ကိုယ် အလေးချိန်လျှော့ချခြင်း၊ နှလုံး ကျန်းမာရေးကောင်းမွန်စေခြင်း တို့တွင် အထူးအကျိုးရှိကြောင်း ကျန်းမာရေးပညာရှင်များထံမှ သိရသည်။

မကြာသေးမီက မြို့ပြအတွင်း ရှိ Gym များနှင့် အားကစား စင်တာများတွင် Zumba အတန်း များ ဖွင့်လှစ်မှုများ တိုးလာခဲ့ပြီး အမျိုးသမီးများသာမက အမျိုးသား များပါ ဝင်ရောက်လေ့ကျင့်လာ ကြောင်း တွေ့ရသည်။ အချို့သော လေ့ကျင့်ရေးအဖွဲ့များကလည်း ပန်းခြံများနှင့် အများပြည်သူသုံး နေရာများတွင် အခမဲ့လေ့ကျင့်ခန်း အစီအစဉ်များ ပြုလုပ်လျက်ရှိ သည်။ လေ့ကျင့်သူတစ်ဦးက "နေ့စဉ် အလုပ်ပင်ပန်းမှုတွေကို Zumba လေ့ကျင့်ပြီး ပြန်လည် သက်သာလာတယ်၊ ကိုယ်ခန္ဓာ လည်း လှပလာတယ်" ဟု ပြော ကြားခဲ့သည်။

ထိုကဲ့သို့ လေ့ကျင့်သူများ၏ အတွေ့အကြုံများကြောင့် လူသစ် များလည်း ဆက်လက်ဝင်ရောက် လာနေကြောင်း၊ အနာဂတ်တွင် Zumba အားကစားလှုပ်ရှားမှုသည် ကျန်းမာရေးအတွက် အရေးပါ သော လူထုလှုပ်ရှားမှုတစ်ခုအဖြစ် ပိုမိုကျယ်ပြန့်လာနိုင်ကြောင်း အား ကစားနယ်ပယ်မှ တာဝန်ရှိသူများ က ခန့်မှန်းထားကြောင်း သိရ သည်။ (မန္တလေးနေ့စဉ်-၈)



# နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲပြုလုပ်

**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက် ၇ နာရီက အထိမ်းအမှတ် ဆိုင်းဘုတ်တင် အခမ်းအနားကို ညောင်ဦးမြို့နယ် မီးသတ်ဦးစီး ဌာနရုံးရှေ့တွင် ကျင်းပခဲ့သည်။

ညောင်ဦးမြို့နယ် မီးသတ် ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များသည် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အထိမ်းအမှတ် ဆိုင်းဘုတ်တင် ခြင်း၊ ဆိုင်းဘုတ်ကို အမွှေးနံ့သာ ရည် ပက်ဖျန်းပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ဆိုင်းဘုတ် ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

# မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာ နှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် စည်သာကျေးရွာ ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်လုပ်ငန်း အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီ ညီဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည် ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ် များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူလှ က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာ ရမည့် စည်းကမ်းချက်များနှင့်လုပ်ငန်း အဖွဲ့ဝင်များ၏ တာဝန်နှင့်ဝတ္တရား များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး နှင့် ဝန်ထမ်းများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် စည်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် ကျေးရွာသူ၊ကျေးရွာသားများ ၏ သဘောဆန္ဒနှင့်အညီ လုပ်ငန်း အဖွဲ့ဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်း ပေးခဲ့သည်။

အဆိုပါမြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည် ပတ် မ,တည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ကျေးရွာတွင် အမှန် တကယ်နေထိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေ တိုးလုပ်ငန်းများ လုပ်ကိုင်မည့် ကျေးရွာသူ၊ကျေးရွာသားများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ် ချေးပေးပြီး စီမံကိန်းလုပ်ငန်းများ ကို လည်ပတ်လုပ်ကိုင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်



## ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သရက် မေ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့၊ ရွာသန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၊ လမ်းဆုံများတွင် အမှိုက်များသိမ်းဆည်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီက လောကသရဖူ ရွှေရင်အေးစေတီတော်အတွင်း ဆောင်ရွက်ရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၃၅၀ ဦးခန့်ဖြင့် လောကသရဖူ ရွှေရင်အေးစေတီတော်ကြီးအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**စော်ထက်(သရက်)**

## မှိုစိုက်ပျိုးနည်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု အွန်လိုင်းနည်းပညာသင်တန်းများ မေလတွင် ဖွင့်လှစ်မည်

**မန္တလေး မေ ၂**

သင်္ကြန်ကာလအပြီး မှိုစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လိုသူများနှင့် မိသားစုတစ်ပိုင်တစ်နိုင် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်လိုသူများအတွက် ရည်ရွယ်၍ မှိုမျိုးထုတ်လုပ်ခြင်းနှင့် မှိုအခြေခံစားသောက်ကုန် ထုတ်လုပ်နည်း အွန်လိုင်းသင်တန်းများကို လာမည့် မေလအတွင်း ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။

အဆိုပါ သင်တန်းများကို ကဏ္ဍနှစ်ရပ်ဖြင့် ခွဲခြားပို့ချမည်ဖြစ်ရာ ပထမပိုင်းအနေဖြင့် မေ ၂၃ ရက်မှ ၂၄ ရက်အထိ 'မှိုမျိုးပုလင်းနှင့် မှိုစိုက်ထုတ်ပြုလုပ်နည်း' သင်တန်းကို စာတွေ့၊ လက်တွေ့ ပို့ချမည်ဖြစ်ပြီး ကြွက်နားရွက်မှို၊ ကောက်ရိုးမှို၊ ငွေနှင်းမှိုနှင့် Milky Mushroom(နို့စိမ်းမှို) စိုက်ပျိုးနည်းများကို အသေးစိတ် သင်ကြားပေးမည် ဖြစ်သည်။

ဒုတိယပိုင်း အစီအစဉ်အဖြစ် မေ ၃၀ ရက်မှ ၃၁ ရက်အထိ 'မှိုတန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်နည်း' သင်တန်းကို ဆက်လက်ပို့ချမည်ဖြစ်ပြီး မှိုခရက်ကာ၊ မှိုဟင်းခတ်မှုန့်၊ မှိုချဉ်၊ မှိုသနပ်၊ မှိုဆီကြော်၊ မှိုလုံးနှင့် မှိုအကြွပ်ကြော် အပါအဝင် လူကြိုက်များသော မှိုအခြေခံစားသောက်ကုန် အမျိုးအမည်ပေါင်း ၁၆ မျိုး ကျော် ပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည် ဖြစ်သည်။

သင်တန်းများအားလုံးကို အွန်လိုင်းမှတစ်ဆင့် ပို့ချပေးမည်ဖြစ်သော်လည်း သင်တန်းသားများအနေဖြင့် လူတွေ့၊ လက်တွေ့ ထပ်မံလေ့လာလိုပါက ဘာသာရပ်တစ်ခုလျှင် တစ်ရက်စီ အခမဲ့ လာရောက်သင်ယူနိုင်ရန် စီစဉ်ပေးထားပြီး ၁၀၀ ရာခိုင်နှုန်း တတ်မြောက်သည်အထိ တာဝန်ယူ သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဖုန်းနံပါတ် ၀၉-၈၆၃၆၈၀၀၀၅ သို့သော်လည်းကောင်း၊ အီးမေးလ် admin@mynatureproduce.info သို့ သော်လည်းကောင်း ဆက်သွယ်၍ အသေးစိတ် စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်-၈)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ကျောက်ဆည် မေ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ငါးမြွေကုန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် စီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ငါးမြွေကုန်းကျေးရွာအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀)အတွင်း စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**သူသူ**

## ရက်(၁၀၀)စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်

**မိုးညှင်း မေ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဖွင့်လှစ်သည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမ ရက်(၁၀၀)စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲ ကို ယမန်နေ့ နံနက် ၁၀ နာရီက သာယာကုန်းခေတ်မီစံပြကျေးရွာရှိ အောင်စည်သာယာခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို လွှတ်တော် ကိုယ်စားလှယ်များနှင့် ခရိုင်၊ မြို့နယ်မှ သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသူများအား အသီးသီး ပေးအပ်ကြပြီးနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သင်တန်းကို မေ ၁ ရက်မှ ဇွန် ၁၄ ရက်အထိ တစ်လခွဲကြာ စာတွေ့၊ လက်တွေ့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသူ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) ရွှေမိုးညှင်း**

## မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေး

**မြို့သစ် မေ ၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်မီးသတ်ဦးစီးဌာနမှ ၂၀၂၆ ခုနှစ်၊ မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် ယနေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ သွားရောက်၍ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ လူနေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများတွင် လျှပ်စစ်ဝါယာရှော့မှတစ်ဆင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေး၊ လူပေါ့ဆမှုကြောင့် မီးလောင်မှုများ မဖြစ်ပေါ်စေရေး၊ လူနေအိမ်ဝင်း အတွင်း၊ အပြင်တွင် အမှိုက်များစုပုံ၍ မီးရှို့ခြင်းများ မပြုလုပ်စေရေး၊ မီးဖိုမီးသုံးစွဲမှုအား စနစ်တကျရှိစေရေးနှင့်သတ်မှတ်အချိန်အတွင်း စည်းကမ်းလိုက်နာအသုံးပြုစေရေး အသိပညာပေးပြောကြား၍ မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**



# အပူချိန် မြင့်မားနေစဉ် သတိပြုဆောင် ခြင်နိုင်စေဖို့

မြန်မာပြည်အလယ်ပိုင်းဒေသများတွင် အပူချိန် ၄၀˚C နှင့်အထက် မြင့်တက်နေခြင်းသည် လူအများ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်။ စာရေးသူနှင့် မိတ်ဆွေများ တနင်္ဂနွေနေ့တိုင်း လက်ဖက်ရည်ဆိုင်တွင် ဆုံမှတ်အဖြစ် တွေ့ဆုံစကားပြောခြင်းကိုပင် ခေတ္တနားခဲ့ကြပါသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ နာတာရှည်ရောဂါရှိသူများနှင့် အပြင်တွင် အလုပ်လုပ်ရသူများအတွက် အပူဒဏ်ကြောင့်ဖြစ်သော ရောဂါများ(Heat-related Illnesses) ဖြစ်ပွားနိုင်ခြေ ပိုမိုများပြားပါသည်။ ဤဆောင်းပါးတွင် အပူချိန်မြင့်မားသော ကာလများအတွင်း လူအများ မည်သို့နေထိုင်သွားလာသင့်ကြောင်းနှင့် သက်ကြီးရွယ်အိုများအတွက် အထူးသတိပြုရမည့် ဆောင်ရန်၊ ရှောင်ရန်များကို ဗဟုသုတအဖြစ် ဖော်ပြပေးလိုက်ပါသည်။

**အပူဒဏ်ကြောင့်ဖြစ်သောရောဂါများ၏ လက္ခဏာများနှင့်အန္တရာယ်များ**

အပူချိန်မြင့်မားမှုကြောင့် အပူလွန်ကဲခြင်း(Heat Exhaustion)ဖြစ်ပါက ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်ခြင်း၊ ကြွက်တက်ခြင်း(Heat Cramps)စသည့် ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်ပါသည်။ အပူဒဏ်ကြောင့်ဖြစ်သော ရောဂါများ၏ အဓိက လက္ခဏာများမှာ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်နှာနီခြင်း၊ အားနည်းခြင်း၊ ချွေးအများကြီးထွက်ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်းတို့ ဖြစ်နိုင်ပါသည်။

အပူထိခိုက်ပြင်းထန်ခြင်း(Heatstroke)ဖြစ်ပါက ကိုယ်အပူချိန်မြင့်တက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ စိတ်ရှုပ်ထွေးခြင်းနှင့် သတိလစ်ခြင်းတို့ ဖြစ်နိုင်ပြီး အသက်အန္တရာယ်ကိုပင် ဖြစ်စေနိုင်သော အခြေအနေဖြစ်ပါသည်။ ထိုအခြေအနေတွင် အရေးပေါ်ဆေးကုသမှု လိုအပ်ပါသည်။ အသက်အန္တရာယ်ကိုပင် ဖြစ်စေနိုင်သော အခြေအနေဖြစ်ပြီး ကိုယ်အပူချိန် ၄၀˚C ကျော်လွန်ခြင်း၊ အရေပြားပူ၍ ခြောက်သွေ့နေခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်းနှင့် ခေါင်းကိုက်ခြင်းတို့သည် အဓိကလက္ခဏာများ ဖြစ်ပါသည်။

**အပူချိန်မြင့်မားသောကာလများတွင် လူအများအတွက် ဆောင်ရန်၊ ရှောင်ရန်များ**

**ဆောင်ရန်များ**

၁။ ရေဓာတ်ပြည့်ဝစွာ ဖြည့်တင်းပါ- ရေငတ်ခြင်းမရှိသော်လည်း ရေကို မကြာခဏ သောက်သုံးပေးပါ။ သကြားဓာတ်များသော အချိုရည်များ၊ ကဖိန်းဓာတ်ပါသော ကော်ဖီ၊ လက်ဖက်ရည်နှင့် အရက်တို့ကို ရှောင်ကြဉ်ပါ။ရေဓာတ်နှင့် ဓာတ်ဆားဓာတ်ကို ဖြည့်တင်းပေးနိုင်သော သစ်သီးဖျော်ရည်များ သို့မဟုတ် ဓာတ်ဆားရည်များကို သောက်သုံးနိုင်ပါသည်။

၂။ အဝတ်အစား ရွေးချယ်ဝတ်ဆင်ပါ- ချောင်ချိပြီး ပေါ့ပါးသော၊ အရောင်ဖျော့သော ချည်သားအဝတ်အစားများကို ဝတ်ဆင်ပါ။ ၄င်းသည် ခန္ဓာကိုယ်မှ အပူကိုလျင်မြန်စွာ ထုတ်လွှတ်နိုင်ရန် ကူညီပေးပါသည်။

၃။ နေရောင်ခြည် တိုက်ရိုက်ထိတွေ့မှုကို ရှောင်ပါ- နံနက် ၁၁ နာရီမှ ညနေ ၄နာရီအတွင်း နေရောင်ခြည် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။ အပြင်ထွက်ရမည်ဆိုပါက ထီး၊ ဦးထုပ်နှင့် နေကာမျက်မှန်တို့ကို အသုံးပြုပါ။

၄။ အေးမြသောနေရာတွင် နေထိုင်ပါ- လေဝင်၊ လေထွက်ကောင်းသော၊ အရိပ်ရသော (သို့မဟုတ်) လေအေးပေးစက်ရှိသော အခန်းများတွင် နေထိုင်ပါ။ ပန်ကာများကို အသုံးပြုနိုင်သော်လည်း အပူချိန်အလွန်မြင့်မားပါက ပန်ကာတစ်ခုတည်းဖြင့် အပူဒဏ်ကိုကာကွယ်ရန် မလုံလောက်ပါ။

၅။ ခန္ဓာကိုယ်ကို အေးမြအောင်ထားပါ- ရေအေးဖြင့် ရေချိုးခြင်း (သို့မဟုတ်) ရေစိုဝတ်ဖြင့် ခန္ဓာကိုယ်ကို သုတ်ပေးခြင်းဖြင့် အပူချိန်ကိုလျှော့ချနိုင်ပါသည်။

၆။ အစာအာဟာရ စားသုံးပေးမှု- အစာကြေလွယ်သော အစားအစာများ၊ ရေဓာတ်များသော သစ်သီးဝလံများ (ဥပမာ ဖရဲသီး)ကို စားသုံးပေးပါ။

**ရှောင်ရန်များ**

၁။ နေ့လယ်ပိုင်း အပြင်ထွက်ခြင်း- နေအပူရှိန်အမြင့်ဆုံးဖြစ်သော နေ့လယ်ပိုင်း(နံနက် ၁၁နာရီမှ ညနေ ၄နာရီ)တွင် အပြင်ထွက်ခြင်းကို ရှောင်ကြဉ်ပါ။

၂။ အရက်နှင့်ကဖိန်းဓာတ်ပါသော အချိုရည်များ- ရေဓာတ်ခန်းခြောက်မှုကို ပိုမိုဖြစ်စေနိုင်သောကြောင့် အရက်နှင့်ကဖိန်းဓာတ်ပါသော အချိုရည်များကို ရှောင်ပါ။

၃။ ပြင်းထန်သော လှုပ်ရှားမှုများ- အပူချိန်မြင့်မားသောအချိန်တွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ သို့မဟုတ် အလုပ်ကြမ်းများကို ရှောင်ကြဉ်ပါ။

၄။ ကားထဲတွင် ကလေးသူငယ်နှင့်သက်ကြီးရွယ်အိုများ ထားခဲ့ခြင်း- ကားထဲတွင် အပူချိန်လျင်မြန်စွာ မြင့်တက်လာနိုင်သောကြောင့် ကလေးသူငယ်များ (သို့မဟုတ်) သက်ကြီးရွယ်အိုများကို ကားထဲတွင် တစ်ဦးတည်း ထားခဲ့ခြင်းကို လုံးဝရှောင်ကြဉ်ပါ။

၅။ အပူဒဏ်၏ လက္ခဏာများကို လျစ်လျူရှုခြင်း-ခေါင်းမူးခြင်း၊မူးဝေခြင်း စသည့် အပူဒဏ်၏ ကနဦးလက္ခဏာများကို လျစ်လျူမရှုဘဲ ချက်ချင်း အေးမြသောနေရာသို့ ရွှေ့ပြောင်းပြီး ရေဓာတ်ဖြည့်တင်းပါ။

**သက်ကြီးရွယ်အိုများအတွက် အထူးသတိပြုရန်အချက်များ**

သက်ကြီးရွယ်အိုများသည် အပူဒဏ်ကို ပိုမိုခံစားရနိုင်ပြီး ရေဓာတ်ခန်းခြောက်မှုနှင့် အပူရှပ်ခြင်းကဲ့သို့သော ပြင်းထန်သည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်ခြေ ပိုများပါသည်။ ထို့ကြောင့် အောက်ပါအချက်များကို အထူးဂရုပြုသင့်ပါသည်။

၁။ ရေဓာတ်ဖြည့်တင်းမှု- သက်ကြီးရွယ်အိုများသည် ရေငတ်ခြင်းကို ကောင်းစွာမခံစားရတော့သောကြောင့် ရေကို မကြာခဏသောက်သုံးရန် သတိပေးရပါမည်။ ဓာတ်ဆားဓာတ်ဖြည့်တင်းရာတွင်လည်း ပိုမိုသတိထားရန် လိုအပ်ပါသည်။

၂။ ဆေးဝါးများ၏ သက်ရောက်မှု- သက်ကြီးရွယ်အိုများ သောက်သုံးနေသော ဆေးဝါးအချို့သည် ခန္ဓာကိုယ်၏ ရေဓာတ်ထိန်းသိမ်းမှုနှင့် အပူဒဏ်ကို တုံ့ပြန်နိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။

၃။ အနီးကပ်စောင့်ကြည့်မှု- သက်ကြီးရွယ်အိုများကို အပူဒဏ်၏ လက္ခဏာများ(ဥပမာ-စိတ်ရှုပ်ထွေးခြင်း၊ မူးဝေခြင်း၊ ပုံမှန်မဟုတ်သော အပြုအမူများ) ရှိ၊ မရှိ အနီးကပ်စောင့်ကြည့်ပေးရပါမည်။

၄။ အေးမြသော ပတ်ဝန်းကျင်- ၄င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်သည် အမြဲတမ်းအေးမြပြီး လေဝင်၊ လေထွက် ကောင်းမွန်စေရန် သေချာပါစေ။ လေအေးပေးစက် (သို့မဟုတ်) ပန်ကာများကို အသုံးပြုပါ။

၅။ လှုပ်ရှားမှု လျှော့ချခြင်း-ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများကို ရှောင်ကြဉ်ပြီး အေးအေးဆေးဆေး အနားယူရန် တိုက်တွန်းပါ။

၆။ ဆီးအရောင်ကိုကြည့်ခြင်းဖြင့် ဖျော့ဖျော့အရောင်ဆိုလျှင် ကောင်းမွန်ပြီး ညိုမည်းနေလျှင် ရေမလုံလောက်ကြောင်း ပြသနေပါသည်။

၇။ မူးဝေပြင်းထန်လာခြင်း၊ သတိလစ်ခြင်း၊ ချွေးမထွက်တော့ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ကိုယ်အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ် ကျော်လွန်ခြင်းတို့သည် (Heatstroke) အစပြုနိုင်ပါသဖြင့် ချက်ချင်းဆေးရုံသို့ သွားသင့်ပါသည်။

**နေထိုင်ပုံ(အပူကာကွယ်နည်း)**

နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအတွင်း အပြင်မထွက်ပါနှင့်၊ အိမ်ထဲမှာ အတတ်နိုင်ဆုံး နေထိုင်ပါ။ ပန်ကာ၊ Aircon သုံးနိုင်ပါက သုံးပါ၊ အခန်းလေဝင်၊ လေထွက်ကောင်းအောင်လုပ်ပါ။ ရေအေး၊ သံပရာရည်၊ ORS သောက်ပါ။ အပြင်ထွက်ရမယ်ဆိုပါက ဦးထုပ်၊ ထီး အသုံးပြုပါ။ အဝတ်ပါးပါး၊ အရောင်ဖျော့ဖျော့ဝတ်ပါ။ ရေဘူးယူသွားပါ။ နေပူထဲကြာရှည်နေခြင်းကို ရှောင်ပါ။ ပုံမှန်အခြေအနေတွင် လူတစ်ယောက်သည် ရေ ၂လီတာမှ ၂.၅လီတာ (၈-၁၀)ခွက်အထိ သောက်နိုင်ပါသည်။ အပူ ၄၀ ဒီဂရီစင်တီဂရိတ် ကျော်တဲ့ အချိန်များတွင် ရေ ၃ လီတာမှ ၄ လီတာအထိ လိုအပ်နိုင်ပါသည်။ ရေကို တစ်ခါတည်း အများကြီး သောက်ခြင်းထက် မကြာခဏ အနည်းငယ်စီ သောက်ခြင်းက ပို၍သင့်တော်ပါသည်။ ဥပမာ- မိနစ် ၂၀-၃၀တစ်ကြိမ် ရေနည်းနည်းချင်း သောက်ခြင်း၊ မူးဝေမှုသောက်တာမျိုးမဟုတ်ဘဲ မူးမလာခင် သောက်ထားရပါမည်။ ရေသန့်အပြင် သံပရာရည် နည်းနည်းထည့်ပြီး သောက်နိုင်ပါသည်။ ဓာတ်ဆားရည် (ORS)သောက်နိုင်ပါသည်။ ORS (Oral Rehydration Solution)သည် ရေဓာတ်နှင့် ဓာတ်ဆားများပြန်ဖြည့်ပေးရန် အသုံးဝင်ပါသည်။ WHO စံနည်းအတိုင်း ORS (ဓာတ်ဆားရည်) အိမ်တွင်းပြုလုပ်နည်းကို ဝေမျှလိုပါသည်။ ရေသန့်တစ်လီတာတွင် ဆား လက်ဖက်ရည်ဇွန်း တစ်ဝက်၊ သကြား လက်ဖက်ရည်ဇွန်း ခြောက်ဇွန်းကို ကောင်းကောင်းရောပါ (အန္တရာယ်ရှိနိုင်သဖြင့် ဆားအလွန်များများမထည့်ပါနှင့်၊ သကြားများလွန်းလျှင်လည်း မကောင်းပါ) ဒါဆိုလျှင် ORS (ဓာတ်ဆားရည်)ရရှိမှာဖြစ်ပြီး မူးဝေခြင်း၊ ချွေးများခြင်း၊ အားနည်းခြင်းတို့ ဖြစ်နေချိန်များတွင် အထူးသင့်လျော်ပါသည်။

ကော်ဖီသည် ဆီးသွားများစေပါသဖြင့် များစွာမသောက်သင့်သကဲ့သို့ အရက်၊ အချိုရည်များ (သကြားများသော)အရာတို့ကိုလည်း ရှောင်သင့်ပါသည်။

**ပူပြင်းချိန်မှာ စားသင့်သောအစားအစာများ**

ရေဓာတ်ပြန်ဖြည့်ခြင်း၊ ခန္ဓာကိုယ်အပူလျှော့ချခြင်း၊ လေးလံမှုမရှိစေရန်တို့ကို ရည်ရွယ်လျက် ရေဓာတ်များသော အသီးများဖြစ်သည့် ဖရဲသီး၊ သင်္ဘောသီး၊ လိမ္မော်၊ သံပရာတို့ကို စားသင့်ပါသည်။ အလွယ်တကူလုပ်ဆောင်နိုင်သော ရေဓာတ်နှင့်ဗီတာမင်များသည့် ထမင်းနည်းနည်းနှင့်ဟင်းချို၊ ဆန်ပြုတ်၊ ပဲဟင်းပေါ့ပေါ့တို့ကို စားသုံးနိုင်ပါသည်။ ခန္ဓာကိုယ်အပူတိုးစေပြီး ရေဓာတ်ခန်းစေသည့် အကြော်၊ အဆီများသော အသား၊ ဆီပြန်ဟင်းများ၊ အလွန်ချိုသောအစားအစာ၊ အပူလွန်ကဲသောဟင်းများကို ရှောင်သင့်ပါသည်။

**အပူလွန်ကဲတဲ့အချိန် အိမ်ကိုအေးအောင်လုပ်နည်း**

အပူလွန်ကဲသောအချိန်တွင် မိမိ၏နေအိမ်ကို နေရောင်မှ တားဆီးပါ။ နေ့လယ်ပိုင်းမှာ နေရောင်က အပူအများဆုံးဝင်လာပါတယ်။ ပြတင်းပေါက်ကို ခန်းဆီးထူထူ ဒါမှမဟုတ် အဝတ်စိုစို (Wet Cloth)ဖြင့် ဖုံးထားပါ။ နေထွက်ဘက်(အရှေ့)နှင့် နေဝင်ဘက်(အနောက်)ကို အထူးကာကွယ်ပါ။ လေဝင်၊ လေထွက်ကောင်းအောင် လုပ်ပါ။ နံနက်စောစောနှင့် ညနေများတွင် ပြတင်းပေါက်ဖွင့်ထားပေးခြင်းဖြင့် လေဝင်လေထွက်ပါစေ။ နေ့လယ်နေပူချိန်မှာ မဖွင့်ပါနှင့်၊ လေပူများဝင်လာနိုင်ပါသည်။ ပန်ကာရှေ့မှာ ရေအေးထားသော ပုလင်း၊ ရေခဲဘူးထားပေးပါ၊ လေကပိုအေးလာပါလိမ့်မည်။ မိမိကိုယ်တိုင် အေးစေရန် ရေချိုးခြင်း၊ လည်ပင်း၊ လက်မောင်း၊ မျက်နှာကို ရေနှင့်ပွတ်ပေးခြင်း၊ အဝတ်ပါးပါး အရောင်ဖျော့ဖျော့ဝတ်ပေးခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ ထို့အပြင် အခန်းအပူတက်စေသည့် မီးဖိုအသုံးများခြင်း၊ အပူထုတ်စက်များ(Iron, Cooker)စသည့် အပူထုတ်ပစ္စည်းများ လျှော့ချသင့်ပါသည်။

**အပူကြောင့် အိပ်မပျော်ခြင်း**
**(Sleep Disturbance)**

အပူများလွန်းလျှင် ခန္ဓာကိုယ်အပူ မကျနိုင်၊ နှလုံးခုန်မြန်လာပြီး မူးဝေခြင်း၊ မအေးချမ်းမှုဖြစ်နိုင်ပြီး အိပ်မပျော်ခြင်း ဖြစ်လာနိုင်ပါသည်။ အိပ်မပျော်ပါက နံနက်ပိုင်း ပင်ပန်းနွမ်းနယ်မှုဖြစ်လာနိုင်ပါသည်။ အိပ်ကောင်းစေရန်အတွက် အိပ်ခန်း လေဝင်၊ လေထွက်ကောင်းစေ၍ အေးပါစေ။ ပန်ကာ(သို့မဟုတ်) Aircon အသုံးပြုနိုင်ပါသည်။ ပြတင်းပေါက်ကို ညနေချိန်မှာ ဖွင့်ထားပေးပါ။ မအိပ်မီ အလွန်မအေးသော ရေအေးဖြင့် ရေချိုးပေးနိုင်ပါသည်။ ညလယ် အပေါ့သွားခြင်း သက်သာစေရန် မအိပ်မီ ရေနည်းနည်းသောက်ပေးပါ။ အဝတ်ပါးပါး ဝတ်ပေးပါ။ ခေါင်းအုံးမပူ၊ အိပ်ရာမထူပါစေနှင့်။ စိတ်အေးချမ်းသက်သာရှိစေရန် သတိ၊ အေးချမ်းသက်သာရှိစေရန် သတိဖြင့် နေထိုင်ခြင်းက ကိုယ်အပူချိန်လျော့ပါးပြီး အိပ်ပျော်ခြင်းကို ဖြစ်စေပါမည်။

**အပူလွန်ကဲမှုအရေးပေါ် First Aid လုပ်နည်း**

အပူကြောင့် မူးဝေခြင်း၊ သတိလစ်ခြင်းတွေ ဖြစ်လာရင် Heatstroke (သို့မဟုတ်) Heat Exhaustion ဖြစ်နိုင်ပါသည်။ အရေးပေါ် လက္ခဏာများအနေဖြင့် ကိုယ်အပူချိန် ၄၀˚C ကျော်လာခြင်း၊ ချွေးမထွက်တော့ခြင်း၊ မူးဝေခြင်း၊ သတိလစ်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အသက်ရှူမြန်ခြင်းများ ဖြစ်ပေါ်လာပါက အချိန်မဆွဲပါနှင့်။ First Aid အနေဖြင့် အောက်ပါအတိုင်း အဆင့်လိုက် ပြုလုပ်ပေးပါ။

(၁) နေပူမှ ချက်ချင်းထုတ်ပါ။ အေးမြသော နေရာများဖြစ်သည့် အိမ်ထဲ၊ အရိပ်ရနေရာများသို့ ရွှေ့ပါ။

(၂) အဝတ်လျှော့ပါ။ တင်းကျပ်သော အဝတ်များ ဖြေလျှော့ပေးပါ။ လေဝင်၊ လေထွက်ကောင်းပါစေ။

(၃) ကိုယ်အပူလျှော့စေပါ။ ရေအေးနှင့် မျက်နှာ၊ လည်ပင်း၊ ခေါင်း၊ လက်မောင်းတို့ကို ပွတ်ပေးပါ။ ရေစိုအဝတ်ဖြင့် ဖုံးပေးနိုင်ပါသည်။ ပန်ကာနှင့် လေ အသုံးပြုနိုင်ပါသည်။

(၄) သတိရှိသေးလျှင် ရေ/ORS ပေးပါ။ နည်းနည်းစီ သောက်ခိုင်းပါ။ Oral Rehydration Solution သည် အထူးကောင်းမွန်ပါသည်။ သတိမရှိလျှင် မသောက်စေပါနှင့်၊ အန္တရာယ် ရှိနိုင်ပါသည်။

(၅) ဆေးရုံသို့ ချက်ချင်းပို့ပါ။

Heatstroke သည် အန္တရာယ်ကြီးသော အခြေအနေဖြစ်ပါသည်။ ဤအခြေအနေတွင် ရေခဲ၊ ရေအေး မသုံးပါနှင့်။ အချိန်ဆွဲခြင်းမပြုလုပ်ရန် အထူးသတိပြုသင့်ပါသည်။

**နိဂုံး**

မြန်မာပြည်အလယ်ပိုင်းတွင် အပူချိန်မြင့်မားသော ကာလများ၌ ကျန်းမာရေးကို ဂရုစိုက်ရန် အထူးအရေးကြီးပါသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများအတွက် အပူဒဏ်မှ ကာကွယ်ရန် အထက်ဖော်ပြပါ ဆောင်ရန်၊ ရှောင်ရန်များနှင့် အကြံပြုချက်များကို လိုက်နာခြင်းဖြင့် အပူဒဏ်ကြောင့်ဖြစ်သော ရောဂါများမှ ကာကွယ်နိုင်ပြီး ကျန်းမာစွာ နေထိုင်နိုင်ကြပါစေကြောင်း တိုက်တွန်းအပ်ပါသည်။

**အောင်စိုး(လူမှုဝန်ထမ်း)**

# မြို့ဦးပေါ်တော်မူ ရွှေစေတီတော်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မအူပင် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၌ ၂၀၂၆ ခုနှစ်၊ မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၁ ရက် နံနက် ၇ နာရီက အမှတ်(၁၂)ရပ်ကွက်ရှိ မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီး အတွင်း၊ အပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုအား မအူပင်ခရိုင်မီးသတ်တပ်ဖွဲ့၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမိုးထွန်း၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများ စုပေါင်း၍ မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီး အတွင်း၊အပြင်သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားရင်ပြင်တော်ပေါ်ရှိ အမှိုက်များ ကောက်ယူခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ရေဖြင့် ဆေးကြောသန့်စင်ခြင်း၊ ဘုရားဝင်းအပြင်ရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင် မိသားစုများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေးက အချိုရည်နှင့် မုန့်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



# စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်း အခြေခံသင်တန်းနှင့် စက်သုံးဆီသယ်ယာဉ် ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

**မကွေး မေ ၂**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှ မကွေးမြို့နယ်အတွင်းရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်၊ သိုလှောင်ကန်စခန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား စက်သုံးဆီများ သယ်ယူသိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် သိရှိနားလည်ပြီး စနစ်တကျ ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်း အခြေခံသင်တန်းနှင့် စက်သုံးဆီသယ်ယာဉ်ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်း (၁/၂၀၂၆)ကို ယမန်နေ့က မကွေးမြို့ရှိ ထိန့်ထိန့်သာဟိုတယ်တွင် ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။

သင်တန်းတွင် မကွေးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိ ဦးမျိုးမင်းသိန်းက စက်သုံးဆီဆိုင် ဝန်ထမ်းများအတွက် သင်တန်းများ၊ အရောင်းဆိုင်ဖွင့်လှစ်ခွင့်နှင့် စက်သုံးဆီ စနစ်တကျ သုံးစွဲရေးဆိုင်ရာ သင်တန်းများကို စွမ်းအင်ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊၊



ကြီးကြပ်ဖွင့်လှစ်နေမှုအခြေအနေများ၊ ၂၀၂၆ ခုနှစ်တွင် ဒစ်ဂျစ်တယ်စနစ်အခြေပြု စက်သုံးဆီဖြန့်ဖြူးခြင်းနှင့် အရောင်းဆိုင်ဝန်ထမ်းများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျွမ်းကျင်မှုသင်တန်းများကို အဓိကထား ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်း အခြေခံသင်တန်း Petroleum Products. Handling Process (PPHP)မှ သင်တန်းသား ၅၃ ဦးနှင့် စက်သုံးဆီသယ်ယာဉ်ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်း Fuel Bowser Handling Process(FBHP) မှ သင်တန်းသား ၁၆ ဦး စုစုပေါင်း သင်တန်းသား ၆၉ ဦးအား မကွေးတိုင်းဒေသကြီး၊ ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနမှ သင်တန်းနည်းပြများက သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

# ဥတုရာသီ၊ တောကိုမှီ၏။




# VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

**ပူတာအို မေ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ ရေနီတိုကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပူတာအိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွှန့်က အဖွင့်အမှာစကားပြောသည်။ **(ယာပုံ)**

ဆက်လက်၍ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမှူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးအား မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ရေနီတိုကျေးရွာ၌ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များ ပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများ ပံ့ပိုးကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်

# အနာဂတ်လူငယ် မြင့်မြတ်သူသို့

* တို့လူငယ် စိတ်ထားမြင့်ပါလို့
လူ့ဂုဏ်တင့် အမှန်တကယ်။
* တာဝန်တွေ ကိုယ်စီထမ်းလို့
ကြိုးပမ်းကြကွယ်။
* ကိုယ့်အနာဂတ်ကောင်းအောင်နေ
ကျင့်စရိုက်တွေ လှခြယ်ထား။
* လူနှင့်လူ ချစ်နှောင်ထုံးလို့
အပြုံးနှင့် ဝင့်ကြွား။
* ချင့်ချိန်ရန် ပေါ့ပါးမတွေးနဲ့
လူမှုရေးလည်း ရှိပါစေ။
* လောကမှာ လူ့ဂုဏ်ပိုက်လို့
နှစ်ခြိုက်ပါလေ။
* ကိုယ့်လုပ်ရပ် လုဖို့ရယ်
တင့်တင့်တယ် အသိစိတ်မွေး။
* အကြံဉာဏ် သတိထပ်လို့
မြင့်မြတ်တယ်လေ။
* ဒေါသမာန် မုန်းမပွားဖို့
နှလုံးသား တံခွန်ထူ။
* စကားကို ချိုသာပြောလို့
နီးနှောကြသူ။
* ညီညွတ်မှုနဲ့ လက်ကမ်းကာ
နိုင်ဝင်ယူ တိုင်းပြည်အတွက်။
* ကြံ့ကြံ့ခိုင် မေတ္တာငွေနှင့်
ကြိုးပမ်းရေ့ဆက်။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**




# ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)နေ ဦးအောင်ခင်အား ရည်စူး၍ ဒေါ်ရီ မိသားစုက ဆေးပဒေသာပင် ငွေကျပ် ၁၀ သိန်းကို ယမန်နေ့က လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူသည်။

အဆိုပါဆေးရုံကြီးသို့ လှူဒါန်းလိုပါက ဖုန်း၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

*-*-*-*-*-*

# ဟေမိငါးထောင်ဘုရားတွင် ညောင်ရေသွန်းလောင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူ

**မန္တလေး မေ ၂**

မန္တလေး၊ တောင်စလင်တိုက်သစ် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သော ဥက္ကဋ္ဌဦးလှဝင်းနှင့်အဖွဲ့သည် မန္တလေးမြို့ အရှေ့ဘက် ပုသိမ်ကြီးမြို့နယ်ရှိ ဗောဓိငါးထောင်ဘုရားတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရေသွန်းလောင်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ၊ ပိန္နဲရိုးကျေးရွာရှိ အိမ်ထောင်စု ၁၂၀ တို့အား မီးဖိုချောင်သုံးပစ္စည်း ၆ မျိုး ပေးအပ်ပွဲကို ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာခဲ့ကြသည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးမှ တာဝန်ရှိသူနှင့် ရပ်မိရပ်ဖတို့က စုပေါင်း၍ ရှစ်ပါးသီလကို ခံယူဆောက်တည်ပြီး ရေစက်ချ ဆရာတော်နှင့် ဆရာတော်များအား ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် ဗောဓိငါးထောင် ဆရာတော် ဘဒ္ဒန္တသူရိယနှင့် ဗောဓိညောင်ပင်ကို ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့နောက် ဧည့်ပရိသတ်နှင့် ပိန္နဲရိုးရွာခံများက သံဃာတော်အပါး ၅၀ တို့အား အလှူငွေနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။ အခမ်းအနားအပြီးတွင် ပိန္နဲရိုးရွာခံများဖြစ်သည့် အိမ်ထောင်စုများကို မီးဖိုချောင်သုံးပစ္စည်းများအား အသီးသီး ထောက်ပံ့ပေးအပ်ခဲ့သည်။

တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ ညောင်ရေသွန်းလောင်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့သည်မှာ သတ္တမအကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(ကဆ)



# မနူဟာဘုရားကြီးလိုဏ်အတွင်းရှိ ဆင်းတုတော်ကြီးသုံးဆူအား ရွှေသင်္ကန်းစတင်ကပ်လှူပူဇော်

**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြင်းကပါကျေးရွာရှိ မနူဟာဘုရားကြီးလိုဏ်အတွင်းရှိ ထိုင်တော်မူဆင်းတုတော်ကြီး သုံးဆူအား မေ ၁ ရက် နံနက် ၇ နာရီက ရွှေသင်္ကန်း စတင်ကပ်လှူပူဇော်နေပြီဖြစ်သည်။

မနူဟာဘုရားကြီးထီးတော်နှင့်အရံစေတီ ၂၇ ဆူရွှေသင်္ကန်းကပ်လှူပူဇော်ပြီးဖြစ်ရာ ကျန်ရှိနေသည့် လိုဏ်အတွင်းရှိ ဆင်းတုတော်ကြီးသုံးဆူအား ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ကော်မတီဝင်များက ထိုင်တော်မူဆင်းတုတော်ကြီးမျက်နှာတော်၊ ရင်ဘတ်တော်တို့မှစတင်၍ ရွှေသင်္ကန်းစတင်ကပ်လှူပူဇော်နေပြီဖြစ်သည်။

မနူဟာဘုရားကြီးကို သက္ကရာဇ် ၄၂၉ ခုနှစ်တွင် သထုံဘုရင် မနူဟာမင်းကြီးက တည်ထားကိုးကွယ်ခဲ့ပြီး ဘုရားကြီးတိုက်မပေါ်ရှိ စေတီ ၃၇ ဆူ၊ ထီးတော်တို့ ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးဖြစ်ရာ ကျန်ရှိနေသော လိုဏ်အတွင်း ဆင်းတုတော်သုံးဆူအား ဆက်လက်ကပ်လှူလျက်ရှိကြောင်း၊ နှစ်လက်မပတ်လည် မျက်ပါးရွှေတစ်ပြား ငွေကျပ် ၃၀၀၀၊ နှစ်လက်မပတ်လည် ရွှေဆိုင်းတစ်ဆိုင်း ငွေကျပ် ၃၀၀၀၀၀ ဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၁)



# ညောင်ဦးမြို့နယ် ရွှေလှိုင်းကျေးရွာဒေသခံပြည်သူများ သောက်သုံးရေပူလုံစေရန် လှူဒါန်း

**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ်၊ ရွှေလှိုင်းကျေးရွာသို့သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ရွှေလှိုင်းကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရန် ရေဂါလန် ၃၂၀၀ အား အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယက ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ပူပြင်းရာသီကာလ မြို့နယ်တွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲမဖြစ်စေရန်နှင့် ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် နေ့စဉ်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)



# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**မိုင်းဆတ် မေ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ဧပြီ ၂၇ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်း တိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့သည့် လေဘေးသင့်ပြည်သူ ၇၁ ဦးအား ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်က ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာရွှေက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မြို့နယ်သစ်တောဦးစီးမှူး ဦးသန်းနိုင်က မီးခိုးမြူငွေ့ကင်းစင်စေရန် တောမီးမရှို့ရေးတို့နှင့် ပတ်သက်၍ ဟောပြောသည်။



ထို့နောက် လေပြင်းတိုက်ခိုက်မှုကြောင့် ပြိုကျပျက်စီးသွားသော နေအိမ်တစ်လုံးအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ထောက်ပံ့ရေးပုံး တစ်ပုံးကိုလည်းကောင်း၊ အမိုးလန်ပျက်စီးသွားသော နေအိမ် ၇၀ လုံးအတွက် နေအိမ်တစ်လုံးလျှင် ထောက်ပံ့ငွေကျပ် ငါးသောင်းနှုန်းဖြင့်လည်းကောင်း ပြည်သူများလက်ဝယ်အရောက် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# ချင်းတွင်းမြစ်ရိုးတစ်လျှောက် အန္တရာယ်ကင်းကမ္မဝါစာနှင့် ပရိတ်တရားတော်များ ရွတ်ပတ်

**ဟုမ္မလင်း မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်း ချင်းတွင်းမြစ်ရိုးတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မေ ၁ ရက် မွန်းလွဲပိုင်းက အန္တရာယ်ကင်း ကမ္မဝါစာနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ခဲ့သည်။

ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များက ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရွတ်ဖတ်တော်မူခဲ့ကြသည်။

နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ရတနာမြတ်သုံးပါးအား ရှိခိုးကန်တော့ကာ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး ဟုမ္မလင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က သံဃာတော်များအား ပရိတ်ရေ၊ ပရိတ်ပန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြသည်။

ထို့နောက် ဟုမ္မလင်းမြို့နယ်အတွင်း ချင်းတွင်းမြစ်ရိုးတစ်လျှောက် ဘေးအန္တရာယ်ကင်းစေရေးအတွက် သံဃာတော် ၂၃ ပါးတို့က ပရိတ်တရားတော်များနှင့် အန္တရာယ်ကင်း ကမ္မဝါစာ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပြီး ပြုပြုသမျှကုသလ၏ အဖို့ဘာဂကို ရေစက်သွန်းချ အမျှပေးဝေကာ ရွတ်ဆိုဆုတောင်းခဲ့ကြောင်း သိရသည်။

(၃၉၄)

*-*-*-*

*-*-*-*-*-*

# မန္တလေးပြည်သူ့ဆေးရုံကြီး (၅)ထပ် (၅)လွှာ ဆေးကုသဆောင်မှ ဝမ်းပြည့်မြေပဲ အထူးအထွက်တိုးစံပြကွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန မန္တလေးပြည်သူ့ဆေးရုံကြီးသည် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်၊ ၂၉လမ်းနှင့် လမ်း၃၀၊ ၇၄လမ်းနှင့် ၇၇လမ်းအတွင်း ကျယ်ဝန်းသောဧရိယာမှာ သက်ဆိုင်ရာ ဆေးကုသဆောင်အသီးသီးဖြင့် ဝင်းအပြည့်နီးပါး တည်ရှိပါသည်။ ၂၉ လမ်း၊ ၇၇လမ်းမှ ဆေးရုံဝင်းကြီးသို့ ဝင်ရောက်ခဲ့ပါလျှင် အရေးပေါ်လူနာလက်ခံကုသဌာနအား ဦးစွာ တွေ့ရပါမည်။ ဤဌာန၏ ဥပစာတွင် "လူနာများကို နွေးထွေးစွာကြိုဆိုပါ။ စေတနာဖြင့် ပြုစုကုသပါ" ဟူသည့် စာတန်းအား အပြာရောင်အောက်ခံတွင် အဖြူရောင်စာလုံးကြီးများဖြင့် ထင်ရှားစွာ ရေးသားချိတ်ဆွဲထားပါသည်။ ယင်းသည်ပင်လျှင် မန္တလေးပြည်သူ့ဆေးရုံကြီး၏ သွင်ပြင်လက္ခဏာ၊ ဂုဏ်သိက္ခာဆောင် ညွှန်ကြားချက် အမှန် ဖြစ်နေပါသည်။ တစ်လမ်းမောင်း အဝင်လမ်းမှ ဆက်လက်ဝင်ရောက်သွားပါလျှင် ဘယ်ဘက်တစ်လျှောက်တွင် အရိုးနှင့် ထိခိုက်ဒဏ်ရာဌာနအဆောက်အအုံ၊ ပြီးလျှင် အထူးကြပ်မတ်ကုသဆောင်၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသဌာန၊ ရင်ခေါင်းခွဲစိတ်ကုသဌာန၊ နှလုံးနှင့် သွေးကြောခွဲစိတ်ကုသဆောင်၊ ထို့နောက် ဦးနှောက်နှင့် အာရုံကြောကုဌာန၊ ခွဲစိတ်ကုသဆောင်(၃)၊ ရင်သားခွဲစိတ်ကုသဌာနတို့ ပါဝင်သော (၃)ထပ်ဆောင် အဆောက်အအုံ၊ သံဃာ့ဆေးရုံအဆောက်အအုံပြီးလျှင် ဆေးရုံအထောက်အကူပြုဆေးဆိုင်၊ အဝင်လမ်းဆုံး၏ ညာဘက်တွင် ဆေးရုံကြီးမော်ရုံတို့ကို တွေ့ရှိရမည်ဖြစ်ပါသည်။ မော်ရုံရှေ့လမ်းကို ကျော်လိုက်ပါက မောင်လေး၏ဇနီး ရက်ရှည်လများ ဆေးကုသမှုခံယူခဲ့ပါသော (၅)ထပ် (၅)လွှာအဆောက်အအုံသို့ ရောက်ရှိပါမည်။

## (၅)ထပ် (၅)လွှာ ဆေးကုသဆောင်

အထပ်(၅)ထပ် အလွှာ(၅)လွှာရှိသော အဆောက်အအုံဖြစ်ပါသည်။ ပထမအလွှာတွင် ခွဲစိတ်ကုသဆောင် (၁)ခွဲစိတ်ကုပညာဌာန ထားရှိပါသည်။ ဒုတိယအလွှာတွင် သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆေးပညာဌာန (အသက် ၆၀ ဝန်းကျင် သက်ကြီးဝါကြီးများအား အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် အထွေထွေရောဂါများကို စစ်ဆေး၊ စမ်းသပ်၊ ကုသပေးလျက်ရှိပါသည်။ စောင့်ရှောက်ကုသမှု ရယူလိုပါက အရေးပေါ်လူနာ လက်ခံကုသဌာနတွင် ဆေးမှတ်တမ်းစာအုပ် ပြုလုပ်၍ လာရောက်နိုင်ပါကြောင်း စေတနာသတင်းစကားပါးအပ်ပါသည်။

တတိယအလွှာတွင် အသည်းရောဂါအထူးကုဆေးကုသဆောင်၊ စတုတ္ထအလွှာတွင် ခွဲစိတ်ကုသဆောင်(၂)၊ ပဉ္စမအလွှာတွင် ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုသဌာနတို့အား သတ်မှတ်ထားရှိပါသည်။

(၅)ထပ်ဆောင် အဆောက်အအုံကုသိုလ်ရှင်များမှာ မန္တလေးမြို့၊ လမ်း၃၀၊ လမ်း ၇၀နှင့် ၇၁ လမ်းကြား ဆုထူးပန် ကျောက်မျက်ရတနာကုမ္ပဏီ မိသားစု၊ ၂၇လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြား၊ အမှတ်(၃၅)နေ ဦးအေး၊ ဒေါ်ခင်စု မိသားစု၊ ၇၉ လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ အမှတ်(၈၈)နေ ဒေါ်စန်းစန်းဦးမောင်နှမတစ်စုတို့ ဖြစ်ကြပါသည်။ ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ (၁၂-၂-၂၀၀၉)တွင် အလှူရှင်မိသားစုများမှ ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြခြင်း ဖြစ်ပါသည်။ (၅)ထပ်ဆောင်သို့ အတက်၊ အဆင်း ပြုလုပ်နိုင်ရန် ဓာတ်လှေကား နှစ်စင်း ကုသိုလ်ရှင်များမှာ ၁။ မန္တလေးတိုင်းဒေသကြီး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ ဖြစ်ပါကြောင်း ကမ္ပည်းမှတ်တမ်းများ တင်ထားပါသည်။

ပထမအလွှာ ခွဲစိတ်ကုသဆောင်(၁)အဝင်ဝတွင် Summary in 2025 ချိတ်ဆွဲထားရာ ပြီးခဲ့သော ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်အလိုက် ခွဲစိတ်ကုသစောင့်ရှောက်မှုပေးခဲ့သော လူနာပေါင်း ၁၄၈၄၆ ဦးရှိကြောင်း သိရှိရပါသည်။ ယနေ့ ၂၀၂၆ ခုနှစ် နှစ်ဦးပိုင်းမှာပင် လူနာအများအပြား တက်ရောက်ကုသမှုခံယူလျက်ရှိရာ ၂၀၂၆ ခုနှစ် နှစ်ချုပ်ဦးရေမှာ ပိုမိုနိုင်မည်ဟု ခန့်မှန်းရပါသည်။ ဤသို့လျှင် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် နေ့ညမလပ် လူနာများစွာတို့၏ အသက်ကို ကယ်တင်ကုသပေးခဲ့ကြပါသော ခွဲစိတ်ကုသဆောင်(၁)၊ ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခခွဲစိတ်အထူးကု ဆရာဝန်ကြီး၊ တွဲဖက်ပါမောက္ခ၊ ပထမလက်ထောက်ဆရာဝန်၊ လက်ထောက်ဆရာဝန် စသည့် အဆင့်ဆင့်သော ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ အလုပ်သင်ဆရာဝန်၊ သူနာပြုဆရာမကြီးနှင့် သူနာပြုဆရာမများအားလုံး၊ ဓာတ်ခွဲခန်းကျွမ်းကျင်၊ ဆေးဝါးကျွမ်းကျင်ဝန်ထမ်းများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။ အဆောက်အအုံနှင့် ဓာတ်လှေကားအလှူရှင်များကိုလည်း ကျေးဇူးတင်မိပါသည်။ ထို့နည်းတူစွာ မန္တလေးပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ခေါင်းဆောင်လျက် သက်ဆိုင်ရာ ဆေးကုသဆောင်အသီးသီးတွင် တာဝန်ယူ၊ တာဝန်ခံကုသပေးနေကြပါသော ဆရာဝန်ကြီးများနှင့်တကွ ကျန်းမာရေးဝန်ထမ်းများအားလုံးသို့ ပြည်သူများမှ ကိုယ်စီကိုယ်စီ ကျေးဇူးတင်ရှိနေကြပါကြောင်း အထူးမှတ်တမ်းပြုအပ်ပါသည်။

## မြင်းမူမြို့နယ်၊ ဝမ်းပြည့်စံပြကျေးရွာ

မန္တလေးပြည်သူ့ဆေးရုံကြီး (၅)ထပ် (၅)လွှာ ခွဲစိတ်ကုသဆောင်(၁)တွင် ရက်ရှည်လများ လူနာစောင့်အဖြစ် ကျင်လည်ခဲ့ရာ အစောင့်ဖော်မိတ်ဆွေများ ရရှိလာပါသည်။ အဖော်တစ်ဦးမှ မြင်းမူမြို့ကို သိလားဟုမေးရာ ခေါင်းညိတ်လျက် သိပါတယ်။ သာမန်မျှသာ အဖြေပေးမိပါသည်။ မြင်းမူမြို့နယ်၊ ဝမ်းပြည့်စံပြကျေးရွာကိုရောဆိုတော့ မြင်းမူမြို့ကို သိပါသည်။ မြင်းမူမြို့၊ မြို့ရောင်လမ်းဘေးဝဲ၊ယာမှာရှိတဲ့ မြင်းမူမြောက်ကျေးရွာအုပ်စုပိုင် မြေပဲစိုက်ကွင်းတွေထဲ ကွင်းဆင်းရောက်ဖူးပါသည်။ မြင်းမူမြို့မှ မြောင်မြို့နယ်သို့အထွက် မန္တလေး-မုံရွာကားလမ်း ဘယ်ဘက်အခြမ်းမှာရှိတဲ့ ဝမ်းပြည့်ကျေးရွာမှာ ညအိပ်ညနေ နေဖူးပါသည်ဟု တက်ကြွရွှင်လန်းစွာပြောလိုက်မိရာ နှစ်လိုဖွယ်အပြုံးမျက်နှာ၊ ကြည်လဲ့လဲ့ မျက်ဝန်းပေါ်မှ ပီတိဝေဖြာ ကြည်နူးနေမှုများ မိမိထံသို့ ကူးလူးဆက်ဆံ တုံ့ပြန်ခံစားရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထက်မြန်မာပြည် (မန္တလေးရုံးခွဲ)၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်ပါသည်။

## ရေနံတင်ပို့သောနိုင်ငံများအဖွဲ့ (OPEC)

နိုင်ငံများအဖွဲ့အစည်း၏ ချေးငွေအကူအညီ + နိုင်ငံတော်မှ ထည့်ဝင်ငွေများဖြင့် လုပ်ဆောင်သောစီမံကိန်းဖြစ်ပါသည်။ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် ဆီထွက်သီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန်အတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ တောင်သူများထံ တိုက်ရိုက်ရောက်ရှိသွားရန် စံပြကွက်ကြီးများ ဖော်ဆောင်စိုက်ပျိုးပေးခြင်းဖြစ်ပါသည်။ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စီမံကိန်းမြို့နယ်(၃၇)မြို့နယ် ဆောင်ရွက်ခဲ့ပါသည်။ မြင်းမူမြို့နယ်တွင် မြေပဲသီးနှံစံပြကွက် ဧက ၅၀ စိုက်ပျိုးရန် ဖြစ်ပါသည်။ မြင်းမူဒေသတွင် နှစ်စဉ် ဇူလိုင် ၁၉ ရက် ဝန်းကျင်တွင် မြေပဲအပင်ပေါက် မိုး(၄-၅)ရက်ခန့် ရွာလေ့ရှိပါသည်။ ဇူလိုင် ၁၉ ဝန်းကျင်၌ရွာသော မိုးရေချိန်ဖြင့် မြေပဲစိုက်ကြရသောကြောင့် ဒေသခံများက အာဇာနည်ပဲ၊ ဝါဆိုပဲဟု စိုက်ချိန်ကို အကြောင်းပြု၍ ခေါ်တွင်ကြပါသည်။ အချိန်နှင့် တစ်ပြေးညီ စိုက်ပျိုးနိုင်စေရန်အတွက် ရန်ကုန်ရုံးချုပ်မှ စီမံကိန်းဒါရိုက်တာ၊ မန္တလေးရုံးခွဲမှ ဒုစီမံကိန်းဒါရိုက်တာတို့ ကြိုတင်ချိတ်ဆက်ပြီး ဆောင်ရွက်ပေးထားသည့်အတိုင်း မေလကုန်ဖွန့်လဆန်းတွင် အရည်အသွေးကောင်း ဆင်းပဒေသာ ၁၁ မြေပဲမျိုးသန့်များအား မတ္တရာမြို့နယ်၊ ကျောက်တံတားမျိုးသန့်ခြံမှ ထုတ်ယူလျက် မြင်းမူမြို့နယ်စိုက်ပျိုးရေးရုံး ဂိုထောင်များတွင် စနစ်တကျ သိုလှောင်ထားရှိပါသည်။

မိုးစတင်ရွာသွန်းသည်နှင့် မြေပဲ စံပြကွက် ဧက ၅၀ မြေပြင်မှာ စနစ်တကျ စိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ရပါသည်။ ဓာတ်မြေဩဇာ၊ ဇီဝရွက်ဖျန်းမြေဩဇာ၊ ရွှေတောင်တန်းဂျစ်ပဆင် ကျောက်မှုန့်စသည့် ပံ့ပိုးပစ္စည်းများနှင့်အတူ သွားရောက်လျက် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်း ဒေါ်ခင်စိုးမြင့် ဦးဆောင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရပါသည်။ ခွဲ၊ လုံ့လ၊ ဝီရိယအသုံးပြု၍ ဉာဏ်စွမ်းရှိသမျှ မြေပဲအထွက်တိုးရေးကို တစိုက်မတ်မတ် ဆောင်ရွက်လုပ်ကိုင်ပြီးကြချိန်မှာ ပန်းတိုင်အထွက်နှုန်းထက် သာလွန်ထွက်ရှိခဲ့ပါသည်။ ထိုကာလတစ်လျှောက် ဝမ်းပြည့်ကျေးရွာမှ အစ်မ ဒေါ်ခင်စိုးမြင့် နေအိမ်မှာ ကျွန်မ၏ စားအိမ်သောက်အိမ်ဖြစ်ပါသည်။ ယခု အစ်မ ကွယ်လွန်ဆုံးပါးသွားပြီး မမတူး(ဒေါ်ခင်စိုးမြင့်၏အစ်မ)မှ မိသားစုပင်စင်ထုတ်ယူနေတာ လေးလခန့်ရှိပြီ ကြားလိုက်ရတော့ လွန်စွာ ဝမ်းနည်းကြေကွဲမိပါသည်။ တာဝန်များကိုအတူ ထမ်းဆောင်ရင်း ရနိုင်သလောက် ကုသိုလ်တွေရယူခဲ့သော အကြောင်းထူးများကြောင့် သံသရာတစ်ကွေ့မှာ လူအဖြစ်ပြန်လည်ဆုံတွေ့ကြရဦးမှာပါ။ အဲ့ဒီအခါမှာ အစ်မက ရွှေမန်းသူ ဝါဝါဝင်းဝင်းလေး (အစ်မပြောပြောနေသံ နားမှာ ကြားမိ သတိတရရှိသွားလို့ပါ)ဖြစ်လိုက်ပါ။

ကျွန်မကတော့ ဝမ်းပြည့်ကျေးရွာက တောင်သူတစ်ပိုင်း၊ ဝန်ထမ်းဟိုင်းကြီးဘဝနဲ့ အစ်မကို ဘုတွေဘောက်တွေ ပြောပါရစေဦး၊ ဖြူစင်သန့်ရှင်း အပြစ်ကင်းသော စေတနာ၊ မေတ္တာများစွာတို့ကိုလည်း ဆတိုးပြန်လည်ပေးဆပ်ပါရစေဦး၊ လောကဓမ္မအကြောင်းတွေကို တတ်သိနားလည်သိရှိချိန်မှစ၍ ယနေ့ထက်တိုင် ပြုပြီးသမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အစုစုတို့အား အထူးအမျှပေးဝေပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုလျက် 'မြင့်သထက်မြင့်' 'မြတ်သထက်မြတ်' သော ဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ အစ်မကြီးရေ ... ။

စာဖတ်သူပြည်သူများသို့လည်း ဤစာစုလေးကြောင့် ရရှိလာမည့် ကုသိုလ်များကို မျှဝေအပ်ပါသည်။ သာဓုခေါ်ဆိုကြလျက် ကုသိုလ်ထူးများ ထပ်တူရရှိနိုင်ကြပါစေ။

> နေ့ညမလပ် လူနာများစွာတို့၏အသက်ကို ကယ်တင်ကုသပေးခဲ့ကြပါသော ခွဲစိတ်ကုသဆောင်(၁)၊ ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ တွဲဖက်ပါမောက္ခ၊ ပထမလက်ထောက်ဆရာဝန်၊ လက်ထောက်ဆရာဝန် စသည့် အဆင့်ဆင့်သော ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ အလုပ်သင်ဆရာဝန်၊ သူနာပြုဆရာမကြီးနှင့် သူနာပြုဆရာမများအားလုံး၊ ဓာတ်ခွဲခန်းကျွမ်းကျင်၊ ဆေးဝါးကျွမ်းကျင်ဝန်ထမ်းများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။ အဆောက်အအုံနှင့် ဓာတ်လှေကား အလှူရှင်များကိုလည်း ကျေးဇူးတင်မိပါသည်။ ထို့နည်းတူစွာ မန္တလေးပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ခေါင်းဆောင်လျက် သက်ဆိုင်ရာ ဆေးကုသဆောင်အသီးသီးတွင် တာဝန်ယူ၊ တာဝန်ခံကုသပေးနေကြပါသော ဆရာဝန်ကြီးများနှင့်တကွ ကျန်းမာရေးဝန်ထမ်းများအားလုံးသို့ ပြည်သူများမှ ကိုယ်စီကိုယ်စီ ကျေးဇူးတင်ရှိနေကြပါကြောင်း အထူးမှတ်တမ်းပြုအပ်ပါသည်။

**မခင်ယဉ်ကျေး(မန္တလေး-စိုက်ပျိုးရေး)**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မေ ၁ ရက်က အလှူရှင် ကျိုက်ထိုမြို့၊ စောစံသာစားသောက်ဆိုင်ပိုင်ရှင် ဦးစိုးမင်းအောင်၊ ဒေါ်နွေးနွေးလှိုင်မိသားစုက ဆေးပဒေသာပင် ငွေကျပ် သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ဓိဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆွမ်း၊ ကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင်များဖြစ်သော ဦးဝင်းမြင့်၊ ဦးမောင်မောင်သောင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(၀၇၀)



# အသစ်ထပ်မံဆောင်ရွက်နေသည့် ဆိုလာရေတင်စီမံကိန်းသစ်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မင်းဘူး မေ ၂**

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အသစ်ထပ်မံဆောင်ရွက်နေသည့် ဆိုလာရေတင်စီမံကိန်းသစ်များ ဆောင်ရွက်နေမှုအခြေအနေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ စစ်ဆေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တာဝန်ရှိသူများသည် ဧပြီ ၃၀ ရက်နှင့် မေ ၁ ရက်တို့တွင် မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်မည့် မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ရှိ လှည်းကြီးရိုးမှ ဆိုလာစနစ်ဖြင့် ဆောင်ရွက်မည့် ကြေးချော၊ ဆူးပန်း၊ သုံးထောင့် ဆိုလာရေတင်စီမံကိန်းသုံးခု အကျိုးပြုဧကပေါင်း ၆၀၀နှင့် ဧရာဝတီမြစ်မှ ဆိုလာစနစ်ဖြင့်ရေတင်ပြီး အကျိုးပြုဧကပေါင်း ၄၂၀၀ ကို စိုက်ပျိုးရေပေးဝေမည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းလေးခု ဖြစ်သည့် မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်ရှိ ပိုက်သင်ဆိုလာရေတင်၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ လက်ပံ၊ လက်ပံငူ ဆိုလာရေတင်နှင့် မကွေးခရိုင်၊ မကွေးမြို့နယ်ရှိ ပဌနဂိုရ် စသည့် ဆိုလာရေတင်စီမံကိန်း လုပ်ငန်းခွင်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအားလုံး သတ်မှတ်ထားသော ဒီဇိုင်းပုံစံများအတိုင်း အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာနယ်မြေများအလိုက် တောင်သူများအတွက် စိုက်ပျိုးရေအပြည့်အဝ ပေးဝေနိုင်အောင် ဆောင်ရွက်ရန်မှာကြားပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ဒေသတွင်း စိုက်ပျိုးရေရရှိရေး လိုအပ်ချက်တင်ပြမှုများအပေါ် ညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၅၀၀)



# လှိုင်းဘွဲ့မြို့နယ် မဲဆမိတ်ကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

**လှိုင်းဘွဲ့ မေ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် နောင်တိုင်ကျေးရွာအုပ်စု၊ မဲဆမိတ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို မေ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက စီမံကိန်းအကြောင်းအရာများ၊ ကော်မတီရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ငါးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဆက်လှ

၀-၀-၀-၀-၀



**သစ်တောထိန်းသိမ်း**
**တောတွေစိမ်းမှ**
**ချမ်းငြိမ်းပြည်ရွာ**
**နိုင်ငံသာ၏။**

# လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံ

**လဲချား မေ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်တွင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်းက ဒေသအတွက် ရေ၊ မီး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များကို ဆွေးနွေးပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းအက်စ်ကီးမိုးက ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လိုကြောင်း ပြောကြားခဲ့ပြီး ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားကာ မိမိဌာနလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးခဲ့ကြသည်။

ဆက်လက်၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# ပုသိမ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပုသိမ်ကြီး မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် ဘုရားစေတီပုထိုးများ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံများ၊ သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရပ်ကောင်းမွန်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီက ပုသိမ်ကြီးမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၅၀ ဦးက ဆေးရုံဝင်းအတွင်းရှိ အမှိုက်နှင့် ချုံနွယ်များ ရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မေဝတီ(ပုသိမ်ကြီး)

၀-၀-၀-၀-၀



# မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**သနပ်ပင် မေ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကသစ်ခုန်ကျေးရွာ၌ ၂၀၂၆- ၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးသန့်ဇင်မျိုး၊ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ကေသီထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးသန့်ဇင်မျိုးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။

ကသစ်ခုန်ကျေးရွာအုပ်စု၊ ကသစ်ခုန်ကျေးရွာ၌ အလျား ပေ၂၅၀ ၊ အနံပေ ၁၅၀ မြေသား ရေကန်တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃ဒသမ ၃၄၀သန်းအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဧပြီလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၃၁ အိမ်၊ လူဦးရေ ၁၁၀၆ ဦးနှင့် ကျွဲနွားတိရစ္ဆာန်တို့အတွက် ရာသီမရွေးသောက်သုံးရေများ အဆင်ပြေနိုင်မှာဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ကေသီထွန်းထံမှ သိရသည်။

(အောက်ပုံ)

နွဲ့ယဉ်ဝင်း

၀-၀-၀-၀-၀-၀-၀-၀



# မိုးညှင်းတက္ကသိုလ်၌ သန့်ရှင်းသာယာလှပစေရေး စပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မိုးညှင်း မေ ၂**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် မိုးညှင်းတက္ကသိုလ် သန့်ရှင်းသာယာလှပစေရေးအတွက် စပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယနေ့ နံနက် ၇ နာရီက ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တက္ကသိုလ်ဝန်ထမ်း မိသားစုများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။





အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်စေရန်၊ ကျောင်းသန့်ရှင်းသာယာလှပစေရန်နှင့် လေကောင်းလေသန့် ရရှိစေရန် ရည်ရွယ်၍ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့် ဦးဆောင်သည့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မိုးညှင်းတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာနိုင်နိုင်လတ်၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းမိသားစုများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ တက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ လှည်းကျင်းပေးခြင်းနှင့် မီးရှို့ရှင်းလင်းခြင်းတို့ကို စပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ရွှေမိုးညှင်း

# ဟိုပင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာစေရန် စပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဟိုပင် မေ ၂**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဟိုပင်မြို့၌ မြသီတာရပ်ကွက် ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် စပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၆ နာရီက ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ စပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဟိုပင်မြို့နယ် မြေရဲစခန်း ခေတ္တဒုရဲမှူး အောင်မြင့်ဦးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေမီးသတ်စခန်း ဒုတိယဦးစီးမှူး ဦးသိန်းကျော်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုကိုနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့ပေါ်(၄)ရပ်ကွက်ရှိ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက စွန့်ပစ်အမှိုက်ပုံများ ရှင်းလင်းခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ခြင်း၊ အမှိုက်များကို စနစ်တကျအမှိုက်သိမ်းကားပေါ်သို့ စွန့်ပစ်ခြင်းတို့ကို စပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

လင်းသွယ်ဦး(မြန်/ဆက်)



# သာသနာ့ဓဇ ဓမ္မာစရိယဘွဲ့ရ ဆရာလေး မဇာနေသီအား ဂုဏ်ဝိသိဋ္ဌ ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ သူဌေးကန်ကျေးရွာ ဓမ္မကာရီသီလရှင်ကျောင်းတွင် ယနေ့ နံနက် ၇ နာရီက သာသနာ့ရောင်ခြည်သီလရှင်စာသင်တိုက်မှ သာသနာ့ဓဇဓမ္မာစရိယဘွဲ့ရ ဆရာလေး မဇာနေသီအား ဂုဏ်ဝိသိဋ္ဌ ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပခဲ့သည်။

ချီးကျူးပူဇော်ပွဲတွင် သာသနာ့ဓဇ ဓမ္မာစရိယဘွဲ့ရ ဆရာလေး မဇာနေသီအား အခမ်းအနားသို့ ပင့်ဆောင်ကာ သာသနာ့ရောင်ခြည် သီလရှင်စာသင်တိုက်မှ သာမဏေကျော် တတိယဆင့် ဆရာလေး မပုညဓမ္မေသီက ပလ္လင်ပင့်ဂါထာတော်ဖြင့် ရွတ်ဆိုပင့်ဆောင်သည်။

ထို့နောက် ဗီဒီယိုသရုပ်ဆောင် တေးသံရှင် ခေတ်ဆုသျှင်က ထူးမခြားနားသီချင်းဖြင့် ဂုဏ်ပြုသီဆိုပူဇော်သည်။

ဆက်လက်၍ သမထီးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် သာသနာ့ဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ မဇာနေသီ၏ ဘဝဖြတ်သန်းပုံ ရတုပိုဒ်စုံဖြင့် ဗီဒီယိုသရုပ်ဆောင် တေးသံရှင် ခေတ်ဆုသျှင်က ပူဇော်ကာ လောကနန္ဒာဆရာတော်ဘဒ္ဒန္တမေဃိယ (နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ထံမှ အနုမောဒနာတရားနာယူကြည်ညိုကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော်ထံမှ ကောင်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် သာသနာ့ဓဇဓမ္မာစရိယဘွဲ့ရ ဆရာလေး မဇာနေသီအား ညောင်ဦးမြို့တွင်းသို့ ကားတန်းဖြင့် လှည့်လည်ကြည်ညိုအပူဇော်ခံခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)

# ရွှေကြို့မြေ ဘိုးဘွားရိပ်သာတွင် စပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**ကြို့ပင်ကောက် မေ ၂**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ် သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူပေါင်း၍ နှစ် (၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေကြို့မြေ ဘိုးဘွားရိပ်သာတွင် စပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရွှေကြို့မြေဘိုးဘွားရိပ်သာခြံဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ အဘိုးအဘွားများအား ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းများအား လျှော်ဖွပ်ပေးခြင်းများ ပြုလုပ်ခြင်း၊ ဆေးပဒေသာပင် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် နှစ် (၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘုရားစေတီပုထိုးများတွင် စပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ သံဃာတော်များအား ရုံးသို့ပင့်ဖိတ်၍ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

စေယျာထွန်း

(ကြို့ပင်ကောက်)



❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**ထူးခြားသည့် နေ့အပူချိန်များ**

နေပြည်တော် မေ ၂

| | | | | |
|---|---|---|---|---|
| ကျော့သောင်း | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

## ဥပဒေပြုမဏ္ဍိုင်အနေဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများကို အေးအေးချမ်းချမ်းနေနိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်အောင် ကြိုးစားသွားရမည်




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ရန်ကုန် မေ ၂

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ ကျန်းကျန်းမာမာနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီ နည်းလမ်းအရ အစိုးရသစ်တစ်ရပ်ထွက်ပေါ်လာပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်စသည့် မဏ္ဍိုင်သုံးရပ်ထွက်ပေါ်လာပါကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်ကို ကဏ္ဍအလိုက် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့ဥပဒေပြုမဏ္ဍိုင်အနေဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နိုင်ငံတော်နှင့်နိုင်ငံသူနိုင်ငံသားများကို အေးအေးချမ်းချမ်း နေနိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်အောင် ကြိုးစားသွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူစဉ်ကာလအတွင်း လွှတ်တော်၏ အခန်းကဏ္ဍမြင့်မားတိုးတက်အောင်ဆောင်ရွက်သွားရန်အစီအမံများ ချမှတ်ထားပါကြောင်း။

နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပါတီ၊ ပြည်သူပူးပေါင်းပြီး နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အပံ့ ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူများက ယုံယုံကြည်ကြည်ဖြင့် ဆန္ဒမဲပေးရွေးချယ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ကို ရွေးချယ်ပေးလိုက်သည့် ပြည်သူများ၏ ဆန္ဒနှင့်မျှော်လင့်ချက်များကို အထူးအလေးထား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လွှတ်တော်၏ ရည်မှန်းချက် တာဝန်(၄)ရပ်ကို ဖော်ဆောင်ရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများကို ကိုယ်စားပြု၍ အဆင့်မြင့်မြင့် ဖော်ဆောင် သွားရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများသည် ယနေ့ မျက်မှောက် အခြေအနေနှင့် ကိုက်ညီမှုရှိ မရှိ၊ ထပ်မံဖြည့်စွက်ရန်လို မလို၊ ဖျက်သိမ်းရန်နှင့် အသစ်ပြန်လည်ပြဋ္ဌာန်းရန် လို မလို စသည်များကို သေချာစွာစိစစ်ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် ဥပဒေရေးရာကိစ္စရပ်များကို နားလည်တတ်ကျွမ်းရန် လိုအပ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံတော်တွင် ပကတိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်နှင့် တည်ဆဲဥပဒေများကို နှိုင်းယှဉ်သုံးသပ်ပြီး နိုင်ငံသူနိုင်ငံသားများကို ဥပဒေ အကာအကွယ်အောက်တွင် ထားရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုနှင့် အစိုးရကြား ပြည်သူများ၏ လိုလားချက်များကို ကြားခံတစ်ခုအဖြစ် ဆောင်ရွက်ပေးနေရမည့်သူများဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်သူလူထုကြား ထဲထဲဝင်ဝင် ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊ ပြည်သူ့ လိုလားချက်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ပြီး တိုက်ရိုက်ထိတွေ့ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ပြောကြား

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်၏ တာဝန်များကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်သည့် ကိုယ်စားလှယ်များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ကဏ္ဍအသီးသီးမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ပြည်သူလူထုများနားလည်ပြီး ပူးပေါင်းပါဝင်လာအောင် လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု အကျပ်အတည်းဖြစ်စေသည့်ကိစ္စများကို နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း၍ ပြည်သူလူထု၏ မျှော်မှန်းချက် မျှော်လင့်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားနိုင်ရေးအတွက် စွမ်းရည်မြင့်မားသည့် လွှတ်တော် ကိုယ်စားလှယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့်နိုင်ငံတကာလွှတ်တော်များ၊ အာဆီယံလွှတ်တော်များနှင့် နိုင်ငံတကာဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း လွှတ်တော် အဖွဲ့အစည်းများနှင့် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရန် လိုပါကြောင်း၊ လွှတ်တော်သည် နိုင်ငံတော်က အားကိုးရသည့် ဥပဒေပြုရေးမဏ္ဍိုင်ကြီးတစ်ခု ဖြစ်လာစေရေးနှင့်ပြည်သူလူထုကို အမှန်တကယ်အကျိုးပြုသည့် ပြည်သူလူထုအားကိုးရာ လွှတ်တော်တစ်ခုဖြစ်လာအောင် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ပုလဲခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား တွေ့ဆုံသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်း အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များ အပေါ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အာဆင်နယ်အသင်းက ဖူလ်ဟမ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် မေ ၂**

ပရီးမီးယားလိဂ် ပွဲစဉ်(၃၅) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီက အာဆင်နယ်အသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက ဖူလ်ဟမ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၉မိနစ်နှင့် ပွဲချိန် (၄၅+၄)မိနစ်တွင် ယော်ကယ်ရက်စ်၊ ပွဲချိန် မိနစ် ၄၀ တွင် ဆာကာတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် (၃၅)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၇၆မှတ်ဖြင့် အဆင့် (၁)နေရာတွင် ရပ်တည်လျက်ရှိသည်။

(NGB)



0-0-0-0-0